www.burmeseclassic.com

BURMESE CLASSIC

ပန်းကိုးပွင့်
စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ
## ခတ်ဆေး


| | |
|---|---|
| ထုတ်ဝေသူ | – ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ) (၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | – ဦးဇေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်) (၁၂၉၉)၊ အောင်သုခ ၂၇–လမ်း၊ ၆–ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခြင်း | – ပထမအကြိမ် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | – ၅၀၀ |
| တန်ဖိုး | – ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | – ရွှေမင်းသမီးစာပေ၊ ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄. |

၈၉၅-၈၃

မအိုစာ

ခတ်ဆေး/မအိုစာ–ရန်ကုန် ။

ရဲအောင်စာပေ၊ ၂၀၁၄

၁၇၆ စာ၊ ၁၃.၂၁ x ၂၀.၈၃ စင်တီ။

(၁) ခတ်ဆေး


www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏားပျံစံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ
၂၂။ ရွှေတောင်ရွာသူ မချမ်းသာ


www.burmeseclassic.com

www.burmeseclassic.com

၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလော်င်းကောင်
၃၀။ မီးစုန်း
၃၁။ အဆောင် ၈
၃၂။ ကျမ်းစူး
၃၃။ ဟိုင်းဝေးတစ္ဆေ
၃၄။ သွေးစုပ်သူယောင်မယ်
၃၅။ အမေကိုစားတဲ့သမီး
၃၆။ အောက်လမ်း (ပထမပိုင်း)
၃၇။ အောက်လမ်း (ဇာတ်သိမ်း)
၃၈။ စုန်းတောက်တဲ့ . . . ည
၃၉။ ချစ်တီးတိုက်
၄၀။ သချိုင်းကုန်းက . . . ဟိုတယ်ကြီး
၄၁။ ကွန်ဒိုမှာခြောက်တဲ့သရဲ
၄၂။ ကျောက်ကြီးမောင်နှမ
၄၃။ ဘင်ပုပ်ငရဲကျခံရတဲ့မစော

ယခု

**ခတ်ဆေး**

# ခတ်ဆေး

# မအိုတာ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

" မန်ကျည်းရွက်နုနုလေးတွေဗျ ...

မန်ကျည်းရွက်နုနုလေးတွေ ရမယ်ဗျို့ ...

ယူကြဦးမလားဗျ"

အညာဒေသရှိ မြေနီလမ်းထက် အသက်ဆယ့်ရှစ်နှစ်



အရွယ် ကောင်လေးတစ်ဦးဟာ မန်ကျည်းရွက်ဗန်းလေး ခေါင်းပေါ်တင်ပြီး လှည့်လည်ရောင်းချနေတယ်။

"မန်ကျည်းရွက်သည် လာဦး"

ခြံဝိုင်းတစ်ခုထဲက ခေါ်သံကြောင့် ကောင်လေးက သွက်လက်စွာပဲ ဝင်သွားတယ်။

မန်ကျည်းရွက်ဗန်းလေး အောက်ချပြီး ...

"ဘယ်လောက်ဖိုးယူမလဲ ဒေါ်ကြီး"

လို့ မေးလိုက်တယ်။

မိန်းမကြီးက အိမ်ထဲက ထွက်လာရင်း ...

"တစ်ရာဖိုးထည့်ပေး၊

ဟဲ့ ... ပိုပိုသာသာထည့်နော် ... ဈေးသည်ဆိုတာ၊

လက်သာမှ ပုံမှန်ဖောက်သည်ရတာဟဲ့ ...

ထည့် ... ထည့်"

မိန်းမကြီးရဲ့စကားကြောင့် ကောင်လေးဟာ မျက်နှာမဲ့သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးကလည်းဗျာ တစ်ရာဖိုးလေးဝယ်ပြီး
ငါးရာဖိုးလောက် တောင်းချင်နေတယ်၊
အများကြီးလိုချင်ရင် အများကြီးဝယ်ပေါ့၊
ကျုပ်က ပုံမှန်ပဲ ရောင်းတယ်၊
တစ်ရာဖိုးပဲ ထည့်ပေးနိုင်မယ်ဗျ"

ကောင်လေးရဲ့မချေမငံအပြောကြောင့် ဈေးဝယ်သူဟာ ဒေါသထွက်သွားတယ်။

"ဟဲ့ ... ဈေးရောင်းစားပြီး
ပါးစပ်ဆိုးလှချည်လား၊
နင့်ဟာ ငါမဝယ်နိုင်ဘူး အရိုင်းအစိုင်းကောင်ရဲ့၊
သွားတော့"

မိန်းမကြီးရဲ့အသံကြောင့် ကောင်လေးက မန်ကျည်းရွက်ဗန်းကို ခေါင်းပေါ်တင်ပြီး မကျေမနပ်ထွက်သွားလိုက်တယ်။

"တောက် ... ဘယ်လိုမိန်းမကြီးလဲကွာ၊



ဒီလိုလူမျိုး ဈေးမရောင်းရလို့
ငတ်မယ်ဆိုလည်း အငတ်ပဲခံလိုက်မယ်၊
အပေါ်စီးက ဆက်ဆံတာတော့
လုံးဝမခံနိုင်ဘူး"

ကောင်လေးက မကျေမနပ်ရေရွတ်ရင်း ဆက်လျှောက်လာတယ်။

"ဟော့ ဖိုးအောင် ... အာ
မင်းက ဒီရပ်ကွက်ထဲ ရောက်နေတာကိုး၊
ဟိုမှာ မင်းမိထွေး လိုက်ရှာနေတယ်၊
မြန်မြန်ပြန်ချေကွ"

လူကြီးရဲ့အပြောကြောင့် ဖိုးအောင်ဟာ မျက်နှာရှုံ့မဲ့သွားပြီး ...

"ဈေးရောင်းလည်း ကောင်းကောင်း
မရောင်းရပါလားဗျာ၊
အိမ်ပြန်လို့ မန်ကျည်းရွက်မကုန်ရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



အဆဲခံ အရိုက်ခံရဦးမယ်၊

ဒီနေ့ ငါ့ကံကိုက ဆိုးနေတာပဲ”

ဖိုးအောင်ဟာ လမ်းလျှောက်ရင်း သူ့ဘဝနောက်ကြောင်းကို ပြန်တွေးမိလိုက်တယ်။

သူ့ ဆယ်နှစ်သားအရွယ်မှာပဲ မိခင်ဖြစ်သူဟာ မီးယပ်ရောဂါနဲ့ ဆုံးပါးသွားခဲ့တယ်။

သူ့မှာ မောင်နှမသားချင်း မရှိဘူး။

ဖခင်ဖြစ်သူကတော့ မြို့တကာလှည့်ပြီး အလုပ်လုပ်တဲ့ လက်သမားဆရာဖြစ်သလို အင်မတန်လည်း မိန်းမရှုပ်ပွေတယ်။

မိခင်ဆုံးပြီး နှစ်မကူးခင်ဘဲ ဖခင်ဟာ ဒေါ်စိန်ကြီးကို လက်ထပ်လိုက်တယ်။

ဒေါ်စိန်ကြီးကလည်း နောက်မယားတို့ရဲ့ထုံးစံအတိုင်း လင်ပါသားဖြစ်တဲ့ သူ့ကို မျက်နှာသာမပေးဘူး။

ဖခင်ဖြစ်သူက အမြဲလိုခရီးသွားနေတဲ့အတွက် ဖိုးအောင်



ဟာ ဒေါ်စိန်ကြီးရဲ့နှိပ်ကွပ်မှုတွေအောက်မှာ ကြီးပြင်းခဲ့ရှာတယ်။

ဒီထက်ဆိုးရွားတဲ့ကံကြမ္မာက ပြီးခဲ့တဲ့နှစ်က ဖခင်ဖြစ်သူဟာ မိန်းမပွေရှုပ်ခြင်းရဲ့ရလဒ်ဖြစ်တဲ့ အိပ်ချ်အိုင်ဗွီရောဂါဆိုးကြီးနဲ့ တိမ်းပါးခဲ့ရှာတယ်။

ဖခင် မရှိချိန်ကစပြီး မိထွေးဒေါ်စိန်ကြီးဟာ သူ့ကို အရင်ထက် အဆပေါင်းများစွာ ပိုမိုနှိပ်စက်လာခဲ့တယ်။

ပြေးစရာမြေမရှိတဲ့ ခိုကိုးရာမဲ့ဘဝမို့ ဖိုးအောင်ဟာ မကျေနပ်မှုတွေကို မျိုသိပ်ပြီး လောကခံကို ခံနိုင်ရည်ရှိအောင် ကြိုးစားခဲ့တယ်။

ဖိုးအောင်ဟာ မန်ကျည်းရွက်ဖန်းလေးရွက် လျှောက်နေရာက ၎င်းဘဝကိုတွေးရင်း အားငယ်စိတ်နဲ့ မျက်ရည်ပေါက်ခနဲ ကျမိတော့တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

**ဖိုးအောင်ဟာ** သူ့အိမ်ဝိုင်းရှေ့အရောက် ဝင်ဖို့ပြင်လိုက်စဉ်မှာပဲ ...

"လာစမ်း ... သနောကျလေး၊

နင်ဟာ စောက်မှတ်သည်းခြေမရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးယုတ်ကောင်ပဲ"

ဒေါ်စိန်ကြီးက ဖိုးအောင်ရဲ့ဆံပင်ကို ဆောင့်ဆွဲပြီး ပါးကို ဖျန်းခနဲချလိုက်တယ်။

"ကျုပ် ဘာလုပ်လို့လဲဗျ၊

ဒေါ်ကြီး ကျုပ်ကို မတရားလုပ်တာတွေ

လွန်နေပြီနော်"

"အံမယ် ... အံမယ် ... နင်က ငါ့ကို၊

ခံပက်နေတယ်ပေါ့လေ ... သူတောင်းစားလေး၊

နင့်ကို ငါ မပြောထားဘူးလား၊

ဈေးရောင်းမထွက်ခင် ရေဖြည့်ပြီးမှ

သွားရမယ်ဆိုတာ၊ နင့်ကြောင့် ငါ

ခုထိ ရေမချိုးရသေးဘူးဟဲ့အကောင်ရဲ့၊

နင့်ကြောင့် ငါ့ကိုဖိတ်ထားတဲ့

မင်္ဂလာဆောင်လည်း မသွားဖြစ်တော့ဘူး၊

နင်ဟာလေ ဘယ်လိုသင်သင်



ကျွဲပါးစောင်းတီးကောင်ပဲ၊

နင့်ကို လုံးဝခွင့်မလွှတ်ဘူးဟဲ့ ... လာစမ်း"

ဒေါ်စိန်ကြီးက ဒေါသတကြီး အော်ဟစ်ရင်း ဖိုးအောင်ကို ဆောင့်ဆွဲပြီး ပါးနားရိုက်ပြန်တယ်။

အိမ်နီးနားချင်းတွေဟာ ဒေါ်စိန်ကြီးရဲ့ပါးစပ်ကို ရှဲကြောက်နေကြတဲ့အတွက် ဘယ်သူမှ ထွက်မဆွဲဝံ့ကြဘူး။

ဒီအချိန်မှာပဲ ခရီးဆောင်အိတ်ဆွဲလာတဲ့ အမျိုးသမီးကြီးတစ်ဦးဟာ ထိုအဖြစ်ကို မြင်တွေ့သွားတယ်။

ဒေါ်စိန်ကြီးတို့နားရောက်တော့ ...

"စောစောစီးစီးအေ ... မိစိန် ဘာဖြစ်နေတာလဲ၊

ဖိုးအောင်ကို ဆုံးမချင်လည်း

အိမ်ထဲမှာ ဆုံးမပေါ့အေ၊

လူမြင်လို့မကောင်းပါဘူးအေ ... အထဲဝင်ကြ"

ထိုမိန်းမကြီးရဲ့အပြောကြောင့် ဒေါ်စိန်ကြီး လက်တွန့်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူက တခြားလူမဟုတ်ဘူး။

သူတို့မြို့လေးက လူတွေကို အလုပ်အကိုင်ရအောင် ရှာဖွေပေးနေတဲ့ အိမ်ဖော်ပွဲစား ဒေါ်ညိုဟာ အိမ်ဖော်ပွဲစားအလုပ်ကို လုပ်ကိုင်နေသလို တစ်ဖက်ကလည်း ရပ်ကွက်ထဲမှာ ငွေတိုးချေးစားနေသူဖြစ်တယ်။

ဒါ့ကြောင့် တစ်ရပ်ကွက်လုံး ဒေါ်ညိုနဲ့ မကင်းနိုင်ကြဘူး။

သူတို့ရပ်ကွက်လေးမှာတော့ အိမ်ဖော်ပွဲစား ဒေါ်ညိုဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထက် တန်ခိုးသြဇာရှိနေတယ်။

ဒေါ်စိန်ကြီးက ခြံထဲဝင်ရင်း ...

"ဒီကောင်လေးက ကျွန်မ ဆုံးမတာကို

ထော်လော်ကန့်လန့်လုပ်နေတာ ဒေါ်ညိုရဲ့၊

ဆုံးမတယ်ဆိုတာကလည်း သူ့နောင်ရေး

ကောင်းစားဖို့ပါပဲရှင်၊

ယောကျ်ားလေးဆိုတာက ဒီဘက်ခေတ်မှာ



ဆုံးမနိုင်မှ တော်ကာကျမယ်လေ

ဒေါ်ညိုရဲ့၊ ကဲပါ ...

ဒေါ်ညို အိမ်ပေါ်ထိုင်ပါဦး၊

ဟဲ့ ဖိုးအောင် ... နင့်အဒေါ်အတွက်

အကြမ်းရေယူခဲ့"

လို့ ပြောလိုက်တယ်။

ဒေါ်ညိုက ကွပ်ပျစ်မှာ ထိုင်လိုက်တယ်။

"ဒါနဲ့ ဒေါ်ညို ဒီတစ်ခေါက်

မြို့သွားတာ မြန်တယ်နော်"

ဒေါ်ညိုက ဖိုးအောင် လာချပေးတဲ့ အကြမ်းရည်ကို ခွက်ထဲ ငှဲ့ထည့်လိုက်ရင်း ...

"မြန်ဆို အလုပ်က ရန်ကုန်မှာ

မပြတ်သေးဘူးအေ့၊ သူဌေးမတစ်ယောက်က

အရေးပေါ် လူရှာခိုင်းလို့ ပြန်လာရတာ၊

လူရတာနဲ့ ချက်ချင်းပြန်ရမှာလေ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညိုရဲ့စကားကြောင့် ဒေါ်စိန်ကြီးဟာ တစ်စုံတစ်ခုကို အတွေးပေါက်သွားပြီး ...

"ဟင်း ဟင်း ... ကြုံတုန်း
ဒေါ်ညို့ကို အပူကပ်ရဦးမယ်တော့၊
ကျွန်မလေ ဖိုးအောင်ကို
ရန်ကုန်မြို့ကြီးမှာ အလုပ်ခိုင်းချင်တယ်တော့၊
ဘာအလုပ်ရရပေါ့ ဒေါ်ညိုရယ်၊
စားပွဲထိုးတို့, ဘာတို့ဆိုလည်း ဖြစ်ပါတယ်၊
အဓိက,က သူ လူတောထဲတိုးပြီး
လူတွေအကြောင်း သိစေချင်တာလေ၊
ငွေက အဓိကမဟုတ်ပါဘူးရှင့် ...
ဟင်း ဟင်း ဟင်း"

ဒေါ်စိန်ကြီးရဲ့စကားကြောင့် ဖိုးအောင်တစ်ယောက် ခေါင်းနားပန်းကြီးသွားရတယ်။

"ဒီမိန်းမကြီးဟာ ရွာမှာ ငါ့ကို



ခိုင်းစားလို့ အားမရဘဲ
မြို့အထိ ခိုင်းစားချင်နေပြီ၊
အတော့်ကို ယုတ်မာကောက်ကျစ်ပြီး
ငွေမက်တဲ့ မိန်းမကြီး"

ဖိုးအောင်ဟာ အိမ်ထရံနောက်ကွယ်ကနေ မကျေမနပ် ရေရွတ်လိုက်တယ်။

ဒေါ်ညိုက ရေနွေးကြမ်းခွက်ကိုချလိုက်ရင်း ...

"ဟုတ်ပါရဲ့အေ ... ညည်း သတိပေးမှ
ဖိုးအောင်ကို ငါတွေးမိတော့တယ်၊
ငါ အခုပြန်လာတာ ...
မိန်းမအလုပ်သမားရှာဖို့ မဟုတ်ဘူး၊
သူဌေးမတစ်ယောက်က ခြံအကူအလုပ်သမား
... လူငယ်အရွယ်ကတည်းက လိုတယ်ပြောလို့အေ
ဖိုးအောင်က ရုပ်ရည်လေးလည်း
မဆိုးဘူး၊ အညာသားဆိုပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အသားအရေကလည်း ဖြူတယ်၊

ဒီတော့ ... သူ့ဆို သူဌေးမအိမ်မှာခိုင်းဖို့

အဆင်ပြေတယ်အေ့၊

ဖိုးအောင်ကို ငါနဲ့ တစ်ခါတည်း

ထည့်လိုက်ပေတော့ မိစိန်"

လို့ ပြောလိုက်တဲ့အခါ မစိန်ကြီးက ဝမ်းသာအားရဟန်

နဲ့ ...

"ဟင် ... တကယ်လား ဒေါ်ညို၊

သူဌေးအိမ်မှာဆိုတော့ ပိုကောင်းတာပေါ့၊

လစာဆိုလည်း သုံးလစာ ကြိုထုတ်လို့

ရမှာပေါ့နော်"

"ဒါပေါ့ ... မိစိန်ရယ်၊

ဖိုးအောင်လို သန့်ပြန့်တဲ့လူဆိုရင်

ဈေးက တို့ပါးစပ်ထဲမှာပဲလေ ...

ဟင်း ဟင်း"



မစိန်ကြီးက မျက်မှောင်ကြုတ်သွားပြီး ...

"အဲလိုတွေလည်း ရှိလား၊ ဘာလို့

အလုပ်ရှင်တွေက ခွဲခြားထားတာလဲဟင်"

ဒေါ်ညိုက ရေနွေးကြမ်းကို မော့သောက်လိုက်ရင်း ...

"ဒီလိုရှိတယ် မိစိန်ရဲ့ ...

ရန်ကုန်မှာရှိတဲ့ ငါတို့ရဲ့အိမ်ဖော်ပွဲစားကြီးက

လူချမ်းသာတွေပဲ လူခေါ်များတဲ့

တန်းမြင့်ပွဲစားအိမ်လေ၊

တစ်ခါတလေတော့လည်း လူလတ်တန်းစားတွေ

လာပြီး အလုပ်သမားခေါ်လေ့တော့

ရှိပါတယ်အေ့၊ တစ်ခါကဆို

ငါခေါ်သွားတဲ့ အလုပ်သမားတစ်ယောက်

ပြဿနာတက်ဖူးတယ်လေ"

လို့ ပြောလိုက်တဲ့အခါ မစိန်ကြီးက စိတ်ဝင်စားစားဟန်

နဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဘယ်လိုဖြစ်တာလဲရှင့်"

လို့ မေးလိုက်တယ်။

ထရံအကွယ်က နားထောင်နေတဲ့ ဖိုးအောင်ဟာ ဆက်မနားထောင်တော့ဘဲ စိတ်ပျက်စွာနဲ့ အပြင်ထွက်သွားတော့တယ်။

□□□

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

**ဒေါ်သီတာ** ပူအိုက်တဲ့အတွက် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်လိုက်ပြီး ...

"အဲဒီတုန်းက ဒီကနေ ရန်ကုန်အသွားလမ်းမှာ ကားပျက်တာကြောင့် ညနေစောင်းမှ



ရန်ကုန်ရောက်သွားတယ်၊
ဟိုရောက်လို့ နားမယ်ပဲရှိသေး
လူလာခေါ်တာနဲ့ တိုးရောအေ့၊
ရန်ကုန်ပွဲစားက ငါခေါ်လာတဲ့လူတွေကိုပါ
ထွက်တွေ့စေတယ်လေ၊
ငါလည်း လူရပြီးရောဆိုပြီးသာ ခေါ်သွားတာ
လူတွေကို သေချာမစစ်ဆေးမိခဲ့ဘူး၊
လာခေါ်တဲ့အလုပ်ရှင်က ရန်ကုန်မြို့ရဲ့
အချမ်းသာဆုံးစာရင်းဝင်တဲ့ လူတန်းစားထဲကပဲ၊
ငါ့လူထဲက တစ်ယောက်ကို ရွေးလိုက်တော့
ငါလည်း ရောက်ရောက်ချင်း စျေးဦးပေါက်လို့
ပျော်သွားတာပေါ့အေ၊
အလုပ်သမားလာခေါ်တဲ့လူကလည်း
မိုးချုပ်ချိန်မို့ အလုပ်သမားကို
ကပျာကယာ ခေါ်သွားတယ်လေ၊

www.burmeseclassic.com

www.burmeseclassic.com



ပွဲခ တစ်လစာပေးတဲ့အပြင်
သုံးလစာပါ ကြိုပေးသွားသေးတယ်၊
နောက်နေ့ နေ့ခင်းလည်းရောက်ရော
သူတို့ ပြန်ရောက်လာပြီး
အလုပ်သမားကို ပြန်ပို့သွားတယ်၊
ငွေလည်း ပြန်မတောင်းဘူး၊
လူလည်း ထပ်မခေါ်တော့ဘဲ ပြန်သွားတယ်၊
ငါ့ရန်ကုန်ပွဲစားဆို ဖောက်သည်တစ်ယောက်
လျှော့ပါပြီဆိုပြီး ငါလည်း အပြောခံရတယ်၊
လိုက်သွားခဲ့တဲ့ အိမ်စေကိုလည်း
ဆူလိုက်တာ မပြောပါနဲ့၊
အပြစ်ကတော့ ... အဲဒီကောင်မလေးရဲ့လက်မှာ
ဒဏ်ရာကြီးရှိနေလို့တဲ့၊ ကောင်မလေးကို
မေးကြည့်တော့ သူဌေးအိမ်ရောက်တော့
သူက မီးဖိုဆောင်မှာ ကျတယ်တဲ့၊



မနက်စာ စားချိန်ရောက်တော့ သူဌေးက
သူ့လက်က ဒဏ်ရာကို တွေ့ပြီး
ချက်ချင်းအထုပ်ပြင်ပြီး ပြန်ပို့ခိုင်းတော့တာပဲ၊
ငါလည်း ကောင်မလေးကို မေးကြည့်တော့
သူ့လက်က ဒဏ်ရာက
ရေနွေးပူလောင်လို့ဆိုတာ သိရတယ်၊
ကြည့်ရတာ သူဌေးက သူ့ကို
နူနေတယ်ထင်ပြီး ပြန်ပို့တာလို့
ထင်ပါတယ်၊
ဒါ့ကြောင့် နောက်ပိုင်း လူခေါ်သွားရင်
သေချာစစ်ဆေးပြီးမှ ငါလည်း
ခေါ်တော့တယ်အေ့”
ဒေါ်ညိုရဲ့စကားကို နားထောင်ပြီး ...
“အင်းပေါ့လေ ... ငွေချမ်းသာတဲ့လူတွေဆိုတော့
ကြီးကျယ်ကြမှာပေါ့လေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ခေါ်ညို ဘယ်တော့ပြန်မလဲ”

“ငါ မနက်ဖြန်ပဲ ပြန်သွားမယ်၊

ဖိုးအောင်ကိုလည်း ပြင်ဆင်ထားခိုင်းဦး၊

ကဲ ... ငါလည်း အိမ်ပြန်ပြီး

နားတော့မယ်”

ခေါ်ညိုက ထိုသို့ပြောဆိုပြီး ထွက်သွားတယ်။

ခေါ်စိန်ကြီးတစ်ယောက် ပြုံးလိုက်ပြီး ...

“ဟင်း ဟင်း ... ဒီကောင့်ကို မြို့မှာ

ခိုင်းစားလို့ရတာ အစောကြီးကတည်းက

တွေးမိရင် ကောင်းသား၊

ဒင်းကိုခိုင်းပြီး ရတဲ့ငွေနဲ့

ကောင်းကောင်းလေးနေရုံပဲ”

လို့ ကျေနပ်စွာ ရေရွတ်လိုက်တော့တယ်။

ထိုအချိန် ဖိုးအောင်တစ်ယောက် လမ်းထိပ်ကွမ်းယာ

ဆိုင်လေးမှာ ထိုင်နေတယ်။



“ဟေ့ကောင် ဖိုးအောင် ... မှိုင်လှချည်လားကွ၊

မင်း ဘာဖြစ်နေတာလဲ”

သူငယ်ချင်းစောလှရဲ့အမေးကြောင့် ဖိုးအောင်က မျက်

နှာမသာမယာနဲ့ ...

“ငါ့မိထွေးပေါ့ကွာ ...

ရွာမှာ ခိုင်းစားရုံမကဘဲ

မြို့မှာပါ ခိုင်းစားချင်နေပြီ၊

စိတ်ပျက်ဖို့ကောင်းတယ်”

လို့ ပြောလိုက်တဲ့အခါ စောလှက ဘေးမှာ ဝင်ထိုင်ရင်း

“ဟင် ... ဒါဆို မင်း မြို့သွားရတော့မှာပေါ့၊

ဒါ စိတ်ညစ်စရာမှ မဟုတ်တာကွ၊

မင်းအတွက် မျက်စိပွင့်၊ နားပွင့်တောင်

ဖြစ်သေးတယ်၊

ပျော်ပျော်ကြီး သွားလိုက်စမ်းပါကွာ၊

ဘာပဲဖြစ်ဖြစ် မင်းမိထွေးကြီး

www.burmeseclassic.com

www.burmeseclassic.com



နိုပ်စက်တဲ့ဝဋ်က ကျွတ်တာပေါ့ကွ"

လို့ ပြောလာတယ်။

ဖိုးအောင်က သက်ပြင်းချလိုက်မိရင်း ...

"ဒါတော့လည်း ဟုတ်ပါတယ်ကွာ၊

ငါ မကျေနပ်တာက ...

သူထားရာနေ စေရာသွားနေရတဲ့

ငါ့ဘဝကြီးကို မကျေနပ်တာ၊

သူ့သားသမီးသာဆို ဒီလိုခိုင်းမှာ

မဟုတ်ဘူးကွ"

လို့ ပြန်ပြောလိုက်တယ်။

"နေပါဦး ဖိုးအောင်ရ ... မင်းက

ဘယ်သူနဲ့ လိုက်သွားရမှာလဲ"

"ဘယ်သူရမှာလဲကွ ... ဒေါ်ညိုနဲ့ပေါ့၊

သူ့ဌေးအိမ်မှာ ခြံအကူတဲ့"

"ဒေါ်ညိုဆိုရင်တော့ စိတ်ချရပါတယ်ကွာ၊



သူက အလုပ်သမားတွေဘက်က

ရပ်တည်တယ်လေ၊

မင်း ရန်ကုန်မှာပဲ ပျော်သလောက်

နေပစ်လိုက်ပေါ့ကွာ"

စောလှရဲ့စကားကြောင့် ဖိုးအောင်ဟာ သက်ပြင်းကိုသာ

အကြိမ်ကြိမ် ချလိုက်မိတော့တယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၄)

**နောက်တစ်နေ့** နေ့လယ်ပိုင်းမှာတော့ ဖိုးအောင်တို့အိမ်ကို ဒေါ်ညို ရောက်လာတယ်။

"ဖိုးအောင် ... အဆင်သင့်ဖြစ်ပြီလားဟေ့၊ နောက်နာရီဝက်လောက်ဆို ကားထွက်တော့မှာ။

www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ဆင်းမှဖြစ်မယ်"

ဒေါ်စိန်ကြီးက အပြုံးနဲ့ ...

"အဆင်သင့်ပါပဲ ဒေါ်ညိုရယ်၊

ဒေါ်ညိုရော ဘယ်ရက်လောက်

ပြန်လာမှာလဲရှင့်၊

ပြီးတော့ ... ဖိုးအောင်အတွက်

တစ်လ ဘယ်လောက်ရမှာလဲ ...

ဟင်း ဟင်း ဟင်း"

လို့ မေးလိုက်တယ်။

"ငါကတော့ သုံးရက်လောက်နေပြီး

ပြန်လာမှာပါ၊

ဖိုးအောင်ကို တစ်လ ခုနစ်သောင်းရအောင်

ငါ ပြောပေးမယ်၊

သုံးလစာ ကြိုယူခဲ့မယ်၊

ဒါပေမဲ့ ... ထုံးစံအတိုင်း



ခရီးစရိတ်တော့ နှုတ်ရလိမ့်မယ် မိစိန်"

"အို ... ဟုတ်တာပေါ့ ဒေါ်ညိုရဲ့၊

ဒါကတော့ နှုတ်ရမှာပေါ့၊

ခုလို ဖိုးအောင်ကို အလုပ်သွင်းပေးတာ

ကျေးဇူးပါပဲရှင်"

ဒေါ်ညိုက ဖိုးအောင်ကို လှမ်းခေါ်လိုက်တယ်။

ဖိုးအောင်လည်း ကျောပိုးအိတ်အဟောင်းလေးလွယ်ပြီး

အိမ်ရှေ့ထွက်ခဲ့တယ်။

"ဖိုးအောင် ... နင့်ကို ငါကြိုပြောထားမယ်နော်၊

အခု မိစိန်က လစာကြိုထုတ်မယ့်အတွက်

နင် သုံးလတော့ အနည်းဆုံး လုပ်ရမယ်နော်၊

ငါ့ကို မျက်နှာပျက်အောင်တော့ မလုပ်နဲ့၊

ကြားလား"

ဖိုးအောင်က ဒေါ်စိန်ကြီးကို မကျေမနပ်ကြည့်လိုက်ပြီး

"ကျုပ်က သူဌေးအိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



နွားလို အလုပ်လုပ်ရမှာဗျ၊

ကျုပ်ရှာတဲ့ငွေ ကျုပ် မသုံးရတာတော့

အဓိပ္ပာယ်မရှိဘူး”

လို့ ပြောလိုက်တယ်။

“ဒါတော့ နင်နဲ့မိစိန် ညှိကြပေါ့၊

ငါကတော့ ငါ့အလုပ် ငါလုပ်ရမှာပဲ

ဖိုးအောင်”

“ဟဲ့ ဖိုးအောင် ... ငါတို့မှာ

ဆပ်စရာအကြွေးတွေ ရှိနေတာသိရက်နဲ့

ဒီလိုလုပ်ပါဟာ ...

နောက်လတွေကျမှ နင်ယူပါ၊

နင်သုံးချင်တာ သုံးပေါ့ဟဲ့”

ဒေါ်စိန်ကြီးရဲ့စကားကြောင့် ဖိုးအောင်က ...

“အဒေါ် ကတိတည်ပါစေ၊

ပြောတဲ့အတိုင်း မလုပ်လို့ကတော့



ကျုပ် ပြန်လာမှာနော်”

လို့ ပြောလိုက်တယ်။

ဒေါ်ညိုက နာရီငုံ့ကြည့်ပြီး ...

“ကားထွက်ချိန်ကပ်နေပြီ ...

သွားကြမယ်ဟေ့ ဖိုးအောင်”

လို့ ပြောရင်း ထလိုက်တယ်။

ဒီနောက်မှာတော့ မန်ကျည်းရွက်သည်လေး ဖိုးအောင်ဟာ အိမ်ဖော်ပွဲစား ဒေါ်ညိုနဲ့အတူ ရန်ကုန်မြို့ကြီးကို လိုက်ပါခဲ့တော့တယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

**ရန်ကုန်ရောက်တော့** ဒေါ်ညိုက သူ့ပွဲစားအိမ် ခေါ်သွားတယ်။

မိုးအောင်ဟာ တိုက်ခန်းကျဉ်းကျဉ်းကလေးထဲမှာ စုပြုံ နေနေကြတဲ့ အလုပ်သမားတွေကိုကြည့်ပြီး စိတ်အိုက်သလိုလို

www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရတယ်။

"ဖိုးအောင် ... ငါ နင့်အလုပ်ရှင်ဆီ

ဖုန်းဆက်လိုက်ဦးမယ်၊

ရော့ ... ငါးရာယူသွား၊

တိုက်အောက်မှာ ထမင်းဆိုင်ရှိတယ်၊

တစ်ခါပြင် ငါးရာလေ၊

ငါးရာဖိုး ဝယ်စားလိုက်"

ဒေါ်ညိုက ငါးရာတန်တစ်ရွက်ပေးရင်း ပြောလိုက်တာကြောင့် သူလည်း လှမ်းယူပြီး အောက်ဆင်းခဲ့တယ်။

ဖိုးအောင်ဟာ တိုက်အောက်ထမင်းဆိုင်မှာ ဝင်ထိုင်ပြီး ဝက်သားဟင်းနဲ့ ငါးရာဖိုး မှာလိုက်တယ်။

စားပွဲထိုးလာချပေးတဲ့ ထမင်းပန်းကန်ကိုကြည့်ပြီး သူ နှာခေါင်းရှုံ့လိုက်မိတယ်။

ပါးပါးလေးလှီးထားတဲ့ ဝက်သားနှစ်ဖတ်နဲ့ ထမင်းက လက်တစ်ဆုပ်စာလောက်ပဲ ရှိတယ်။



ဗိုက်ဆာနေတဲ့အတွက် သူဟာ ဘာမှမတွေးတော့ဘဲ အလျင်အမြန် စားပစ်လိုက်တယ်။

ငါးရာတန်ထမင်းက သူ့ဗိုက်ကို ပြည့်ဝအောင် မဖြည့် တင်းနိုင်ဘူး။

ဒါပေမဲ့ ထပ်တောင်းလို့လည်း မဖြစ်တဲ့အတွက် ငွေရှင်း ပြီး ထပြန်ခဲ့ရတယ်။

အိမ်ပေါ်ပြန်ရောက်တော့ ...

"ဖိုးအောင် ... နင့်အလုပ်ရှင် လာနေပြီနော်၊

တီဗွီကြည့်ရင်း နားနေလိုက်၊

ငါ ထမင်းစားလိုက်ဦးမယ်"

ဒေါ်ညိုက ပြောလာတဲ့အတွက် သူလည်း နံရံမှီထိုင်ရင်း တီဗွီကြည့်နေလိုက်တယ်။

ကောင်မလေးနှစ်ယောက်ဟာ ဧည့်ခန်းရှိစားပွဲပေါ် ဟင်း ပန်းကန်တွေ ပြင်ဆင်နေကြတယ်။

ဒီနောက်မှာတော့ ဒေါ်ညိုနဲ့ အိမ်ပိုင်ရှင်ပွဲစားမိန်းမကြီး

www.burmeseclassic.com

www.burmeseclassic.com





ဟာ ထမင်းလက်ဆုံ စားသောက်ကြတော့တယ်။

"စားနော် ဒေါ်ညို၊

မညိုကြိုက်တဲ့ ငါးသလောက်ပေါင်းလေ၊

ညကတည်းက ပေါင်းထားတာရှင့်၊

ဒီဘက်က ... ကြက်ဆီပြန်ကို

အာလူးလေး ရောထားတယ်၊

ဒါကတော့ ပုစွန်တုပ်ဆီပြန်လေ၊

မြို့ထဲဈေးကတောင် သွားဝယ်ချက်ထားတာ

... ဟင်း ဟင်း ဟင်း"

ဒေါ်ညိုက ပြုံးပြုံးကြီးနဲ့ ...

"သီတာရယ် ... ငါ့အတွက် ဒီလောက်ထိ

ပြင်ဆင်ပေးစရာ မလိုပါဘူး၊

တကူးတကကြီးဟယ်"

လို့ ပြောလိုက်တဲ့အခါ မသီတာက ...

"သြော် မညိုရယ် ... ကျွန်မဆီမှာ

မညိုတို့လို နယ်ပွဲစားတွေ အများကြီးရှိပေမယ့်

မညိုခေါ်လာတဲ့ လူတွေက

ရောက်တာနဲ့ ကုန်ရောလေ၊

ခုပဲကြည့်ပါလား ... တစ်နေ့က

မညိုခေါ်လာတဲ့လူတွေ ခု ကုန်ပြီလေ၊

မညိုဟာ သီတာ့အတွက်တော့

အားအထားရဆုံးပါပဲရှင် ... ဟင်းဟင်း"

လို့ ပြောလိုက်တော့တယ်။

"နေပါဦး မညိုရဲ့ ... အခု ခေါ်လာတဲ့

ကောင်လေးက ဘယ်အိမ်အတွက်လဲ"

မသီတာရဲ့အမေးကြောင့် ဒေါ်ညိုက ...

"ဖိုးအောင်လား ... သူ့ ကို စိန်ပွဲစား

ဒေါ်မိမိလတ်ဆီ ပို့မလို့လေ၊

သူ့ အမြန်လူလိုလို့၊ ကျုပ် အားချင်းပြန်ပြီး

ခေါ်လာရတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား မညို၊ ဒီကောင်လေးက

လူရည်သန့်လေးပဲရှင့်၊ ဒေါ်မိမိလတ်

သဘောကျမှာ သေချာပါတယ်လေ"

ဒေါ်ညိုတို့ ထမင်းစားပြီးချိန်မှာတော့ ဖွင့်ထားတဲ့ တံခါး

ကနေ လူတစ်ယောက် ဝင်လာတယ်။

"ဩော် ... စိန်ပွဲစားကြီးအိမ်က

ဒရိုင်ဘာကြီးပါလား၊ ဝင်ပါရှင်၊ ထိုင်ပါ"

မသီတာက ချိုသာတဲ့အပြုံးနဲ့ ဖိတ်ခေါ်လိုက်တယ်။

"သူဌေးမက သူမှာထားတဲ့လူ

ခေါ်ခိုင်းလိုက်လို့ပါ၊ ကျုပ်ကို

သေချာကြည့်ပြီး ခေါ်ခဲ့ဖို့

မှာလိုက်ပါတယ်ဗျ"

"ဖိုးအောင် ... လာခဲ့လေ

နင့်သူဌေးအိမ်က ခေါ်နေပြီ"

ဒေါ်ညိုက ဖိုးအောင်ကို လှမ်းခေါ်လိုက်တယ်။



ဖိုးအောင် အနားရောက်သွားတော့ လူကြီးက ခြေဆုံး

ခေါင်းဆုံး အကဲခတ်တယ်။

ပြီးတော့ သဘောကျဟန်နဲ့ ခေါင်းညိတ်ရင်း ...

"သူ့ကို တစ်လ ဘယ်လောက်ပေးရမလဲ၊

လစားရော ကြိုထုတ်မှာလား၊

ငွေကြိုယူရင်တော့ ခင်ဗျားတို့လူကို

သုံးလနေခိုင်းရမယ်နော် မသီတာ"

"ဩော် ဒရိုင်ဘာကြီးရယ် ... ဒါက

ထုံးစံပဲလေ၊ စိတ်ချပါ ... ကောင်လေးက

အဆင်ပြေပါလိမ့်မယ်၊

သူ မတတ်သေးတာတွေတော့

သင်ပေးပေါ့ရှင်၊ မညိုရေ ...

ဒီကလေးအတွက် ကြိုငွေယူမှာလား"

"သူ့အမေက သုံးလစာယူဖို့

မှာလိုက်တယ် မသီတာရဲ့၊

www.burmeseclassic.com



တစ်လ ခုနစ်သောင်းပါ”

ဒေါ်ညိုရဲ့စကားကြောင့် ဒရိုင်ဘာကြီးက အိတ်ထဲက ငွေကို ထုတ်ပေးလိုက်တယ်။

ပြီးတော့ မသီတာက စာအုပ်ထဲမှာ စာရင်းသွင်းလိုက်တယ်။

အားလုံးပြီးတဲ့အခါ လူကြီးက သူ့ကို ခေါ်သွားတော့တယ်။

အောက်ရောက်တော့ အရောင်ဖိတ်ဖိတ်လက်နေတဲ့ ဇိမ်ခံကားကြီးကိုကြည့်ပြီး ဘယ်လိုဝင်ရမလဲမသိအောင် ဖိုးအောင် ခက်နေတယ်။

ဒရိုင်ဘာကြီးက ဖိုးအောင်ရဲ့အခြေအနေကို အကဲခတ်မိပြီး တံခါးဖွင့်ပေးတယ်။

ကားထဲရောက်တော့ မွှေးကြိုင်တဲ့ရေမွှေးနံ့နဲ့အတူ အိစက်နေတဲ့ ထိုင်ခုံကြောင့် သူ ထိုင်မတတ်အောင် ဖြစ်သွားရတယ်။



ကားထွက်ပြီး သိပ်မကြာဘူး။ ဖိုးအောင်ဟာ ခေါင်းထဲ မူးဝေခြင်းနဲ့အတူ အန်ချင်လာတယ်။

ဒါ့ကြောင့် ကားတံခါးကို ဖွင့်ဖို့ ကြိုးစားလိုက်မိတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

**ကားတံခါးက** ဘယ်လိုမှဖွင့်မရတဲ့အတွက် စိတ်မဆိန်းနိုင်တော့ဘဲ ဝေါ့ခနဲ အန်ချလိုက်မိတယ်။ ဒရိုင်ဘာကြီးက ကားကို အမြန်ရပ်လိုက်ပြီး ...

"ဟာ ... ကောင်လေး ...

www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်လိုလုပ်လိုက်တာလဲ၊

သွားပြီကွာ၊ ကားတစ်စီးလုံး ပေကုန်ပြီ"

လို့ ရေရွတ်လိုက်တယ်။

"ကျုပ် … မြို့ကအလာ ကားစီးတာ

ဒီလိုမဖြစ်ဘူး၊ ဒီကားစီးလို့ ဒီလိုအန်တာဗျ"

"ဘယ်တူမလဲကွ၊ မင်းတို့လိုလူတွေ

ငါ အများကြီး ကြုံဖူးတယ်၊

အဲကွန်းဖွင့်ပြီး တံခါးတွေပိတ်ထားတဲ့အတွက်

မွန်းပြီး အန်တော့တာပဲကွ"

လူကြီးက ထိုသို့ပြောပြီး ကားကို ဆက်မောင်းသွားတယ်။

မှန်ဖွင့်ပေးထားတဲ့အတွက် ဖိုးအောင်လည်း ဆက်မအန်တော့ဘဲ လိုက်ပါသွားတော့တယ်။

ကားလေးဟာ ဆိတ်ငြိမ်ရပ်ကွက်ကြီးထဲက ခြံဝန်းကျယ်ကြီးရှေ့ ရပ်တန့်သွားတယ်။



"ခြံတံခါးဆင်းဖွင့် ဖိုးအောင်"

ဒရိုင်ဘာကြီးရဲ့စကားကြောင့် ဖိုးအောင်လည်း ဆင်းပြီး တံခါးဖွင့်လိုက်တယ်။

ဖိုးအောင်ဟာ သိပ်လှတဲ့ အဖြူရောင်တိုက်ကြီးကို ငေးကြည့်ပြီး မှင်တက်နေမိတယ်။

တိုက်ကြီးက ဇာတ်လမ်းခွေတွေမှာမြင်ဖူးတဲ့ သူဌေးတွေရဲ့တိုက်ကြီးလိုပဲ သိပ်လှတယ်။

ဆင်ဝင်အောက် ကားရပ်ပြီးတဲ့အခါ …

"လှမောင် … မင်း ကြာလို့

သူဌေးမ စိတ်တိုနေတယ်၊

အမြန်သွားတော့"

အဘိုးကြီးတစ်ယောက်ရဲ့အပြောကြောင့် ဒရိုင်ဘာကြီးဟာ တိုက်ကြီးထဲ ခပ်သုတ်သုတ်ဝင်သွားတယ်။

ဖိုးအောင်လည်း ကျောပိုးအိတ်လေးလွယ်ပြီး လိုက်ဝင်သွားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာကြီးပေါ်မှာ ခြေချိတ်ထိုင်နေတဲ့ လုပတဲ့မိန်းမတစ်ယောက်။

"ကြာလှချည်လား လှမောင်၊

ဘယ်လိုဖြစ်တာလဲ"

"လမ်းမှာ ကားလမ်းကြောကျပ်လို့

နောက်ကျသွားတာပါခင်ဗျ"

လှမောင်ရဲ့စကားကြောင့် သူဌေးမရဲ့အကြည့်က ဖိုးအောင်ဆီ ရောက်လာတယ်။

"နာမည် ဘယ်လိုခေါ်လဲ ... မင်းက"

"ဖိုးအောင်ပါဗျ"

အလုပ်ရှင်က သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ...

"ဖိုးအောင် ... မင်းက ဒီအိမ်မှာ

ခြံသန့်ရှင်းရေးနဲ့ တောက်တိုမယ်ရအားလုံး

လုပ်ပေးရမယ်၊ မင်းလုပ်ရမယ့်အလုပ်တွေကို

မာလီဦးတူးက သင်ပြပေးလိမ့်မယ်၊



ကဲ လှမောင် ... ငါ အပြင်သွားစရာရှိတယ်"

ဒေါ်မိမိလတ်ရဲ့စကားကြောင့် ဒရိုင်ဘာကြီးဟာ မျက်နှာပျက်သွားတယ်။

"ဟို ဟို ... အပြင်သွားဖို့အတွက်

ကားအဆင်သင့် မဖြစ်သေးပါဘူးခင်ဗျ၊

ခဏလောက် စောင့်ပေးပါခင်ဗျာ"

လှမောင်ရဲ့စကားကြောင့် သူဌေးမဟာ မျက်နှာမာသွားပြီး ...

"အဆင်သင့်မဖြစ်ရအောင် ကားဘာဖြစ်လို့လဲ၊

အမှန်အတိုင်းပြောစမ်း"

လို့ မေးလိုက်တယ်။

"ဒီလိုပါခင်ဗျ ... ဒီကောင်လေး ကားပေါ်မှာ

အန်ချထားတဲ့အတွက်ကြောင့်

သန့်ရှင်းရေး လုပ်ရပါဦးမယ်ခင်ဗျ"

လှမောင်ရဲ့စကားကြောင့် ဒေါ်မိမိလတ်ရဲ့အကြည့်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖိုးအောင်ဆီ ရောက်လာတယ်။

ဒေါ်မိမိလတ်ဟာ ဖိုးအောင်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ...

“နင်တို့လို ဆင်းရဲသားတွေဟာ

သူဌေးတွေရဲ့ကားပေါ် ရောက်တာနဲ့

အန်ချဖို့ပဲ သိကြတယ်၊

နင့်လုပ်ရပ်အတွက် ကားကို

နင်ကိုယ်တိုင် သန့်ရှင်းရေးလုပ်ရမယ် ...

သွားစမ်း”

ဒေါ်မိမိလတ်ရဲ့ဟိန်းဟောက်သံကြောင့် ဖိုးအောင် လန့်သွားတယ်။

ကိုလှမောင်က သူ့ကို လက်ကုတ်ပြီး ခေါ်တဲ့အတွက် သူလည်း ကြောက်ရွံ့စွာပဲ လိုက်သွားရတယ်။

ကိုလှမောင်က သန့်ရှင်းရေးလုပ်ဖို့ လိုအပ်တာတွေ စီစဉ်ပေးတယ်။



သန့်ရှင်းရေးလုပ်ပြီး သူဌေးမဟာ ကိုလှမောင်နဲ့အပြင်ထွက်သွားတော့တယ်။

မာလီဦးတူးက သူ့ကို အလုပ်သမားတန်းလျားဆီ ခေါ်သွားတယ်။

“ဒီနေ့တော့ နားလိုက်ကောင်လေး၊

မနက်ကျမှ မင်းလုပ်ရမယ့်အလုပ်တွေ

ပြပေးမယ်၊ ဒီအိမ်မှာ ...

အရေးကြီးတာ စည်းကမ်းပဲကွ၊

တို့သူဌေးမက စည်းကမ်းသိပ်ကြီးတယ်”

ဖိုးအောင်က လွယ်အိတ်ကိုချလိုက်ပြီး ...

“ဒီမှာ အိမ်ရှင် ဘယ်နှယောက်ရှိလဲ ဦးလေး”

လို့ မေးလိုက်မိတယ်။

“တို့သူဌေးမက အပျိုကြီးကွ၊

သူ့မှာ မိသားစုလည်း မရှိဘူး၊

ဒါ့ကြောင့် ...၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်က တစ်ယောက်တည်းပဲ ဆိုပါတော့၊

ကဲ ကဲ ... နားလိုက်တော့ ကောင်လေး"

ထိုသို့ပြောပြီး ဦးတူး ထွက်သွားတယ်။

ဖိုးအောင်လည်း ပင်ပန်းသမျှ အတိုးချပြီး ကြမ်းပေါ်လှဲချအိပ်ပစ်လိုက်တော့တယ်။

❐ ❐ ❐

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

**နောက်နေ့ရောက်တော့** . . . ဦးတူးက သူ့ကို ခြံသန့်ရှင်းရေးကိစ္စတွေ ပြပေးတယ်။

"အိမ်မှာ အလုပ်သမားလေးယောက်
ရှိတယ်ကွ၊ မင်းရောက်လာတော့



ငါးယောက်ဖြစ်သွားတာပေါ့ကွာ၊
ငါက ပန်းပင်တွေကို တာဝန်ယူရသလို
လှမောင်က ကားမောင်းတယ်၊
ကောင်မလေးတစ်ယောက်ကတော့ ...
သူဌေးမ စားသောက်ဖို့ တာဝန်ယူရသလို၊
ကျန်တစ်ယောက်က ...
အိမ်တွင်းသန့်ရှင်းရေးကို လုပ်ရတယ်၊
တို့လေးယောက်လုံးက ဒီအိမ်မှာ
နှစ်ပေါက်အောင်နေတဲ့ အလုပ်သမားတွေပဲကွ၊
မင်းလည်း အမြဲနေနိုင်ရင် ကောင်းတာပေါ့ကွာ"

မာလီကြီးဦးတူးက ထိုသို့ရှင်းပြပြီး အိမ်ကြီးရဲ့အနောက်ပေါက်ကနေ မီးဖိုဆောင်ထဲ ခေါ်သွားတယ်။

"ဒီမှာက ငါတို့တွေဟာ ...
သူဌေးမ မခေါ်ဘဲ အိမ်ထဲဝင်ခွင့်မရှိဘူး၊
ထမင်းစားချိန်ပဲ မီးဖိုဆောင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ခွင့်ရှိတယ်၊ ဒီလိုပဲ ...

အိမ်ထဲမှာလုပ်တဲ့ မိန်းကလေးတွေလည်း

ခွင့်မရှိဘဲ ခြံထဲမဆင်းရဘူး၊

ဒါဟာ ... သူဌေးမရဲ့အမိန့်ပဲကွ၊

ကဲ ဖိုးအောင်ရေ ... မနက်စာ စားကြရအောင်"

ဦးတူးက အလုပ်သမားစားပွဲမှာ ဝင်ထိုင်လိုက်တယ်။

မီးဖိုဆောင်တာဝန်ယူထားတဲ့ မိန်းမဝကြီးက သူတို့ကို စားသောက်ဖို့ ပြင်ဆင်ပေးတယ်။

ဖိုးအောင်လည်း ဗိုက်ဆာဆာနဲ့ ထမင်းနဲ့ဆီပြန်ဟင်းကို အဝကြိတ်ပစ်လိုက်တယ်။

"အစားကြီးတဲ့ ယောကျ်ားတွေကို

ငါ အမုန်းဆုံးပဲ၊ ယောကျ်ားဆိုတာ ...

ရောင့်ရဲတင်းတိမ်မှု ရှိရမယ်၊

အစားကို အငမ်းမရစားတာ ငါမကြိုက်ဘူး၊

မင်း ဆင်ခြင်ပါ ဖိုးအောင်"



ဘယ်အချိန်က ရောက်နေမှန်းမသိတဲ့ ဒေါ်မိမိလတ်ရဲ့ အသံကြောင့် ဖိုးအောင်ဟာ ထမင်းနင်မတတ် ဖြစ်သွားတယ်။

အလျှင်အမြန် စားပွဲက ထရပ်လိုက်ပြီး ...

"ဟုတ် ... ဟုတ်ကဲ့ပါ သူဌေးမ၊

ကျွန်တော် မှတ်ထားပါ့မယ်"

လို့ ပြောလိုက်ရတယ်။

ဒေါ်မိမိလတ်က သူ့ကို စူးစိုက်ကြည့်ပြီး ထွက်သွားတယ်။

သူလည်း ထမင်းကို ကမန်းကတန်းစားပြီး ဦးတူးနဲ့ အတူ မီးဖိုဆောင်က ထွက်ခဲ့တော့တယ်။

ထိုနေ့တစ်နေ့လုံး ဦးတူးနဲ့ ခြံသန့်ရှင်းရေးတွေ လုပ်ကိုင်ရတယ်။

ညနေခြောက်နာရီထိုးမှ အလုပ်က အနားရတယ်။

ဖိုးအောင်လည်း ရေမိုးချိုးပြီး ညစာသွားစားရတယ်။

တန်းလျားပြန်ရောက်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



ဦးတူးတို့နဲ့အတူ အိပ်စက်ရတယ်။

ပင်ပန်းတာရော သူဌေးမကို ကြောက်လန့်တဲ့စိတ်ပါ တစ်နေကုန် ကြီးစိုးနေတဲ့အတွက် ခေါင်းချလိုက်တာနဲ့ တစ်ချိုးတည်း အိပ်ပျော်သွားမိတယ်။

အနေအစားမချောင်တဲ့ သူဌေးမအိမ်မှာ သုံးလလုံး ဘယ်လိုများ နေရပါ့မလဲ။

မန်ကျည်းရွက်လည်ရောင်းပြီး မိထွေးရဲ့ကြိမ်းမောင်းမှုတွေနဲ့ အဖေ့အိမ်ကို သူ လွမ်းမိတယ်။

ရွာကိုလွမ်းတဲ့ ထိုစိတ်နဲ့ပဲ သူ အိပ်မောကျသွားတော့တယ်။

❒❒❒

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

"ဖိုးအောင်ရေ မင်း ပန်းပင်ရေလောင်းပြီးရင် ရေတွေကို တံမြက်စည်းကြမ်းနဲ့ လှည်းနော်၊ ငါ မြေသြဇာ သွားယူလိုက်ဦးမယ်"

ဦးတူးက ထိုသို့မှာပြီး စဟိုခန်းဘက် ကူးသွားတယ်။



ဖိုးအောင် ရေလောင်းပြီးချိန်မှာတော့ ခြံရှေ့ကနေ ဝုန်းခနဲအသံကြီး ကြားလိုက်ရတယ်။

ဖိုးအောင်လည်း ရေပိုက်ကို ပစ်ချပြီး ခြံတံခါးဆီ ပြေးကြည့်လိုက်တယ်။

ကားနှစ်စီးတိုက်မိတဲ့အတွက် ခြံရှေ့ပြဿနာတက်နေကြခြင်းပင်။

သူဟာ ကားတိုက်တာကို ပထမဆုံးအကြိမ် တွေ့ဖူးခြင်းမို့ ရပ်ကြည့်နေမိတယ်။

ထိုအချိန်မှာပဲ ...

အပြင်သွားဖို့ထွက်လာတဲ့ ဒေါ်မိမိလတ်ဟာ ရေအိုင်ကို နင်းမိပြီး ခြေထောက်တွေ ပေရေကုန်တယ်။

သူမရဲ့အော်သံကြောင့် စတိုခန်းရောက်နေတဲ့ ဦးတူး လန့်ဖျပ်ပြီး ပြေးလာတယ်။

ဖိုးအောင်လည်း အသံကြောင့် ခြံထဲ ပြန်ပြေးခဲ့မိတယ်။

"ဒါ ဘယ်လိုဖြစ်တာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလုပ်တာလဲ ... ပြောစမ်း"

သူဌေးမရဲ့ဒေါသသံကြောင့် ...

"ကျွန် ... ကျွန်တော်လုပ်ထားတာပါခင်ဗျ၊

ရေလောင်းပြီး ခြံရှေ့က အသံကြားရလို့

ထွက်ကြည့်မိတာပါ"

"ပန်းပင်ရေလောင်းပြီးရင် ရေတွေ

ပြန်လှည်းရမှာ နင် မသိဘူးလား၊

ငါ့ခြေထောက်ရော ဖိနပ်ပါ ပေရေကုန်ပြီ၊

နင်ဟာ စောက်သုံးကိုမကျဘူး၊

ခုချက်ချင်း ငါ့ခြေထောက်ကို

ဆေးပေးစမ်း"

"ဟုတ် ... ဟုတ်ကဲ့ပါ၊

ကျွန်တော် ပြန်လုပ်ပေးပါ့မယ်"

ဖိုးအောင်ဟာ ရေပိုက်ဖွင့်ပြီး သူဌေးမရဲ့ခြေထောက်ကို ဆေးကြောပေးရတယ်။



ဖိနပ်သစ်ယူခိုင်းတဲ့အတွက် သွားယူပြီး ပြန်စီးပေးရတယ်။

ဒေါ်မိမိလတ်က သူ့နားရွက်ကို အားနဲ့ လိမ်ဆွဲလိုက်ပြီး

"နောက်တစ်ခါဆို နင်မလွယ်ဘူးမှတ်၊

သတိထားနေစမ်း"

လို့ ကြိမ်းမောင်းပြီး ကားပေါ်တက်သွားတယ်။

ဖိုးအောင်ဟာ နားရွက်က နာကျင်မှုကြောင့် မျက်ရည်ဝဲတတ် ခံစားနေရရှာတယ်။

"ဖိုးအောင်ရာ ငါ သတိပေးရက်နဲ့

ခုတော့ အဆူခံရပြီ မဟုတ်လား"

"ကျွန်တော် ခြံရှေ့ထွက်ကြည့်မိလို့

ဖြစ်သွားတာပါ၊

ဦးလေးတူးစကားကို နားမထောင်လို့

မဟုတ်ပါဘူး"

ဦးလေးတူးက ငိုမဲ့မဲ့ဖြစ်နေတဲ့ ဖိုးအောင်ကိုကြည့်ပြီး—

www.burmeseclassic.com

www.burmeseclassic.com



“သွား သွား … မျက်နှာသွားသစ်လိုက်၊

ပြီးရင် နေ့လယ်စာ သွားစားလိုက်တော့”

လို့ ပြောတဲ့အတွက် ဖိုးအောင်လည်း တန်းလျားဘက် ထွက်ခဲ့တယ်။

မျက်နှာသစ်ပြီး မီးဖိုဆောင်ထဲရောက်တဲ့အခါ ထမင်းချက် ကြီးမြကက …

“ဟဲ့ကောင်လေး … နင် …

သူဌေးမ,ဆူတာ ခံရတယ်ဆို”

လို့ ထမင်းခူးပေးရင်း မေးတယ်။

“ဟုတ်ပါတယ် ကြီးမြ၊

ကျွန်တော် သတိမဲ့သွားလို့ ဒီလိုဖြစ်တာပါဗျာ၊

သူဌေးမက အရမ်းအော်တာပဲနော်၊

ကြောက်စရာကြီး”

“တကယ်တော့ တို့သူဌေးမက

သဘောကောင်းပါတယ်၊



သူက စိတ်ဆတ်တာလေ၊

အလုပ်ကို သေချာလုပ်ပေးရင် သူ မဆူပါဘူး၊

သီတင်းကျွတ်တို့, နှစ်သစ်ကူးတို့လိုအခါမျိုးဆို

အလုပ်သမားတွေကို မုန့်ဖိုးအများကြီး

ပေးတတ်တယ်၊

ပြီးတော့ သုံးလတစ်ခါ အဝတ်အစားလည်း

ဝယ်ပေးပါတယ်၊

နင် ရေရှည်နေရင် သိပါလိမ့်မယ်”

ကြီးမြရဲ့စကားကြောင့် ဖိုးအောင်ဟာ ထမင်းစားနေရင်းက …

“သူက ဘာလို့ အိမ်ထောင်မပြုတာလဲ၊

သူ့အသက်ကြီးရင် ပြုစုမယ့်လူ

ရှိမှာ မဟုတ်ဘူးနော်”

လို့ ပြောလိုက်တဲ့အခါ ကြီးမြက ရယ်မောလိုက်ရင်း

“ဟင်း ဟင်း ဟင်း … တို့သူဌေးမ

www.burmeseclassic.com



အသက်ငယ်ပါသေးတယ်ဟဲ့၊

အခုမှ သုံးဆယ်ပဲ ရှိသေးတယ်၊

သူက စီးပွားရှာနိုင်တော့

တော်ရုံယောကျ်ားတွေကို အထင်မကြီးဘူးလေ၊

နင့်ပြောနေတာနဲ့ ကြက်ပေါင်းအိုး တူးတော့မယ်၊

စား စား ... ပြီးရင် သွားတော့ ကောင်လေး”

ကြီးမြ ထွက်သွားတဲ့အခါ ဖိုးအောင်ဟာ ထမင်းစားပြီး သွားတဲ့အတွက် ပန်းကန်ဆေးကြောလိုက်တယ်။

မီးဖိုဆောင်ကနေ ဧည့်ခန်းဆီ လှမ်းမြင်နေရတဲ့အတွက် ဖိုးအောင်လည်း အမှတ်တမဲ့ လှမ်းကြည့်လိုက်မိတယ်။

ဖိုးအောင်ဟာ ဧည့်ခန်းရှိရာ လျှောက်သွားပြီး ပစ္စည်း တင်တဲ့စင်ရှိရာ လျှောက်သွားတယ်။

အလှတင်ထားတဲ့ ပြိုင်ကားအရုပ်ကို အရမ်းသဘောကျ တဲ့အတွက် ကိုင်ကြည့်လိုက်တယ်။

“ဟဲ့ ဖိုးအောင် ... ဒီမှာ ဘာလုပ်နေတာလဲ”



အသံကြောင့် ဖိုးအောင်ဟာ လန့်ပြီး လက်က အရုပ်လေး ပြုတ်ကျသွားတယ်။

“ဟယ် ... ကားအရုပ်လေး ကျိုးသွားပြီ၊

ကြီးမြရေ လာကြည့်ပါဦး”

သန့်ရှင်းရေးတာဝန်ခံ မရင်မေရဲ့အသံကြောင့် ကြီးမြ ပြေးထွက်လာတယ်။

ဖိုးအောင်လည်း သူ့ကြောင့် ကျိုးပျက်သွားတဲ့ ပြိုင်ကား လေးကိုကြည့်ရင်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတယ်။

“ဖိုးအောင်ရယ် ... မင်းကတော့

ပြဿနာရှာပြန်ပြီ၊

သူဌေးမက သူ့ပစ္စည်းတွေကို

ယူကိုင်ရင် မကြိုက်ဘူးဟဲ့၊

နင့်နဲ့တော့ စိတ်ညစ်တော့တာပါပဲ”

ထမင်းချက်ကြီးမြက မျက်လုံးပြူး ရေရွတ်လိုက်တယ်။

ဒီအချိန်မှာပဲ ကားသံကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးအောင်တစ်ယောက် ကြောက်စိတ်ကြောင့် လက်များတွေ အေးစက်နေပြီ။

ဒေါ်မိမိလတ်က အိမ်ထဲဝင်လာရင်း သူတို့ကို တွေ့သွားတယ်။

"နင်တို့ ဘာလုပ်နေကြသလဲ၊
ဟိုကောင် ... ငါမခေါ်ဘဲ ဒီနေရာ
မလာရဘူးဆိုတာ မသိဘူးလား"

သူဌေးမဟာ ပြောဆိုရင်း သူတို့နား လျှောက်လာတယ်။ ကျိုးကြေနေတဲ့ ပြိုင်ကားအရုပ်ကို မြင်တဲ့အခါ မျက်မှောင်ကြုတ်သွားတယ်။

"ဒါ ဘယ်သူ့လက်ချက်လဲ ... ဟင်"

"ဟို ... ဖိုးအောင် လုပ်လိုက်တာပါရှင့်"

ရင်မေရဲ့အပြောကြောင့် ဒေါ်မိမိလတ်ရဲ့ဒေါသတကြီး အကြည့်က ဖိုးအောင်ဆီ ရောက်လာတယ်။

"ကျွန် ... ကျွန်တော် ထမင်းလာစားတာပါ၊
ညှိခန်းထဲက အရုပ်လေးကိုမြင်လို့
သဘောကျပြီး ကိုင်ကြည့်မိတာပါ၊
ဒီအချိန်မှာပဲ အစ်မရင်မေရဲ့အသံကြားပြီး
လန့်သွားလို့ ... အရုပ်လေး
လွတ်ကျသွားတာပါခင်ဗျ၊
ကျွန် ... ကျွန်တော့်မှာ အပြစ်ရှိပါတယ်"

ဒေါ်မိမိလတ်က ရုတ်တရက်ဆိုသလို စင်ပေါ်တင်ထားတဲ့ မီးအိမ်ကို လှမ်းဆွဲလိုက်တယ်။

"လောကမှာ ငါ့အမုန်းဆုံးက
စည်းကမ်းမရှိတာဘဲ၊
နင့်အပြင် နင်သိရင် ပြစ်ဒဏ်ခံရမယ်"

သူမ ထိုသို့ပြောပြီး ဖိုးအောင်ရဲ့ခေါင်းကို မီးအိမ်နဲ့ ရိုက်ချလိုက်တယ်။

"အား" ခနဲအသံနဲ့အတူ ဖိုးအောင်လေးဟာ ကြမ်းပေါ် ခွေလဲကျသွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိလတ်က ဒေါ်မြတို့ဘက်လှည့်ပြီး ...

"ဒါ နောက်ဆုံးဖြစ်ပါစေ ဒေါ်မြ၊

ဒီကောင့်ကို နောက်နေ့ကစပြီး

တန်းလျားမှာပဲ ထမင်းကျွေးရမယ်၊

ဒီနေ့လို ထပ်ဖြစ်ရင် ဒေါ်မြတို့အားလုံး

အလုပ်ထုတ်ခံရမယ်၊

သွား ... ခေါ်သွားတော့"

□□□

## အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

## ထိုအဖြစ်အပျက်ကြောင့် ...

ဖိုးအောင်ဟာ ဒေါ်မိမိလတ်ကို ကြောက်ရွံ့တာထက်ပိုတဲ့ မုန်းတီးစိတ်တွေ ဝင်သွားမိတယ်။

အရုပ်လေးတစ်ခုအတွက် သူ့ခေါင်းကို မညှာမတာ



ခန်းအိုးနဲ့ ရိုက်ခွဲခဲ့သည် မဟုတ်ပါလား။

ဒါပေမဲ့ သူဟာ ဒေါ်မိမိလတ်ရဲ့အိမ်က ပြန်လို့မရခဲ့ဘူး။

သူ သုံးလပြည့်တဲ့နေ့မှာပဲ ပွဲစားဒေါ်ညို ရောက်လာခဲ့တယ်။

ဒေါ်စိန်ကြီးတစ်ယောက် ဆေးရုံတင်ထားရတယ်ဆိုပြီး ကြိုငွေကို ခြောက်လစာတောင် ယူသွားတယ်။

ဖိုးအောင်ဟာ ကျွန်ခံပြီး ငွေမကိုင်ရတဲ့ သူ့ဘဝကိုလည်း သူ အကြီးအကျယ် စိတ်နာခဲ့ရတယ်။

ဒါပေမဲ့ ဖြေသာတာက ဒေါ်မိမိလတ်ဟာ စည်းကမ်းနဲ့ ဒေါသသာကြီးတာ ...

သူပြောတဲ့အတိုင်းနေရင် အလုပ်သမားတွေကို မုန့်ဖိုးရော၊ အဝတ်အထည်တွေပါ ပေးကမ်းတတ်တယ်။

ဒီလိုနဲ့ပဲ ဖိုးအောင်ဟာ ဒေါ်မိမိလတ်ရဲ့အိမ်မှာ တစ်နှစ်နီးပါး နေဖြစ်သွားရှာတယ်။

တစ်နေ့မှာတော့ သန့်ရှင်းရေးလုပ်တဲ့ မရှင်မေဟာ ရွာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရမယ့်အကြောင်း ပေါ်လာခဲ့တယ်။

အပြီးပြန်တာမဟုတ်ဘဲ ခဏပြန်ခြင်းဖြစ်တဲ့အတွက် ဒေါ်မိမိလတ်က လူအသစ်မခေါ်ဘူး။

အိမ်ရှိအလုပ်သမားတွေကိုသာ အလုပ်တာဝန်တွေ ထပ်ခွဲပေးတယ်။

ဖိုးအောင်က ဈေးဝယ်နဲ့ အိမ်တွင်းသန့်ရှင်းရေးကို တာဝန်ပြောင်းယူရတယ်။

ဖိုးအောင်ဟာ ဈေးသွားခွင့်ရတဲ့အတွက် သူ့ဒွေးမ ပေးထားတဲ့ မုန့်ဖိုးတွေနဲ့ လက်ဖက်ရည်ဆိုင် ထိုင်တတ်လာတယ်။

တစ်နေ့ သူ လက်ဖက်ရည်သောက်နေချိန် နံဘေးကို ဆိုက်ကားတစ်စီး လာရပ်တယ်။

ဆိုက်ကားဆရာက ဆိုင်ထဲနေရာလွတ်မရှိတဲ့အတွက် ဖိုးအောင်ဘေးမှာထိုင်ဖို့ ခွင့်တောင်းလာတယ်။

"ကောင်လေး ... မင်းကို ငါ

သတိထားမိနေတယ်၊ ဒီရက်ပိုင်း



ဒီဆိုင်မှာ နေ့တိုင်း တွေ့ရတယ်နော်၊

ကြည့်ရတာ ဧည့်သည်ထင်တယ်"

ဆိုက်ကားဆရာရဲ့အပြောကြောင့် ဖိုးအောင်က ...

"မဟုတ်ပါဘူးဗျာ၊ ကျုပ်က

အခုမှ ဈေးဝယ်ရလို့ပါ၊

ကျုပ်က ဒေါ်မိမိလတ်ခြံက အလုပ်သမားပါ"

လို့ ပြောလိုက်တဲ့အခါ ဆိုက်ကားဆရာကြီးက ...

"စိန်ပွဲစား မိမိလတ်ခြံကကိုး၊

အဲဒီခြံက အလုပ်သမားတွေ

မကြာခဏ ထွက်ပြေးလေ့ရှိတယ်ကွ၊

မင်းရော အဆင်ပြေရဲ့လား"

"ဒီလိုပါပဲဗျာ ... ပြေအောင်နေရတာပေါ့၊

ဒါနဲ့ ခင်ဗျားက ဆိုက်ကားဆရာလား"

ဆိုက်ကားဆရာကြီးက လက်ဖက်ရည် လှမ်းမှာလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ ... ငါက
ဒီရပ်ကွက်မှာ နှင်းနေတာကြာပြီ၊
ဆိုက်ကားဆရာ လှကြိုင်ဆိုရင်
ခွေးကအစ သိတယ်ကွ ...
ဟား ဟား"

"ကျုပ်က ဖိုးအောင်ပါ၊
နောက်တွေ့လည်း ခေါ်ပေါ့ဗျာ၊
ခုတော့ ဈေးဝယ်ရဦးမှာမို့
သွားတော့မယ် ကိုလှကြိုင်"

ဖိုးအောင်က ထိုသို့ပြောပြီး လက်ဖက်ရည်ဆိုင်ထဲက ထွက်လာခဲ့တယ်။

ဈေးပြန်ချိန်နောက်ကျပါက ဒေါ်မိမိလတ်ရဲ့စစ်ကြောရေးထဲ ဖြေရှင်းနေရမည် မဟုတ်ပါလား။

ထိုနေ့ သူ ဈေးပြန်တော့ ဧည့်ခန်းထဲ ခြေချိတ်ထိုင်နေတဲ့ ဒေါ်မိမိလတ်ကို တွေ့ရတယ်။



"မင်း ဈေးပြန်တာ ဆယ်မိနစ်တိတိ
နောက်ကျတယ်၊ ဘာကြောင့်လဲ ဖိုးအောင်"
ဖိုးအောင်က ဈေးခြင်းတောင်းကိုင်ရင်း ခေါင်းငုံ့လျက်
"ဟို ... ဟို ... ဗိုက်ဆာလို့
မုန့်ဝင်စားနေတာပါ ခင်ဗျ"
လို့ ဖြေလိုက်တယ်။

"မင်းတို့လူငယ်တွေဟာ အခွင့်အရေး
နည်းနည်းရရင် အများကြီး
အသုံးချချင်ကြတယ်၊ နောက်ဆုံးပြောမယ်
နောက် ဒါမျိုးမဖြစ်စေနဲ့၊
အချိန်နဲ့ သွားလာပါ ... ကြားလား"
သွားတော့ ... ပြီးရင် ဒေါ်မြကို
ငါ့အတွက် လိမ္မော်ရည် ယူလာခိုင်း"

ဖိုးအောင်ဟာ ခုမှ သက်ပြင်းချနိုင်ပြီး မီးဖိုဆောင်ဘက် မြန်မြန်လျှောက်ခဲ့တယ်။

www.burmeseclassic.com



"တော်ပါသေးရဲ့ အများကြီး

အဆူမခံရဘူး၊

ဟိုဆိုက်ကားဆရာသာ စကားလာမပြောရင်း

ငါ နောက်ကျမှာမဟုတ်ဘူး ... ဟူး"

□□□

BURMESE CLASSIC

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ဖိုးအောင် ဈေးသွားချိန်မှာလည်း ဆိုက်ကားဆရာကိုလှကြိုင်နဲ့ ဆုံပြန်တယ်။

"တွေ့ပြန်ပြီ ကိုလှကြိုင်၊

မနေ့က ခင်ဗျားနဲ့ စကားကောင်းတာလေ၊



ပြန်ရောက်တော့ ကျုပ် အဆူခံရတယ်ဗျ"

ကိုလှကြိုင်က သူ့ကို ရယ်ပြရင်း ...

"မင်း ဒီဆိုင်မှာသောက်သရွေ့

ငါနဲ့ တွေ့မှာပဲကွ၊ ဟဲဟဲ ...

ငါက ဒီဆိုင်ရဲ့ ပုံမှန်ဖောက်သည်ပဲလေ၊

အင်း ... မနေ့က အဆူခံရတယ်ဆိုတော့

ဒီနေ့ စောစောပြန်ရမယ့်သဘောပေါ့၊

မင်းကွာ ယောကျ်ားဖြစ်ပြီး သိပ်မကြောက်စမ်းပါနဲ့၊

ရန်ကုန်မြို့ကြီးမှာ အလုပ်မရှားပါဘူးကွ၊

ကြည့်စမ်း ... ခုမှ သေချာကြည့်မိတယ်၊

မင်းက ချောသားပဲကွ၊

မင်းရုပ်လေးနဲ့ဆို သူဌေးသမီးတစ်ယောက်ကို

ခေါင်းခေါက်ယူလို့ရတယ်ကွ၊

အေးအေးဆေးဆေးထိုင်စားရုံပဲ ... ဟာဟ"

လို့ ပြောလာတဲ့အတွက် ဖိုးအောင်ဟာ မနေတတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီး ...

"အာ ... ကိုလှကြိုင်ကလည်း

ဘာတွေ ပြောနေတာလဲဗျ၊

ကျုပ်လို စာမတတ်တဲ့ အညာသားက

သူဌေးသမီးနဲ့ ဆုံစရာအကြောင်း

မရှိပါဘူးဗျာ၊ မနောက်စမ်းပါနဲ့ ...

ကျုပ် သွားတော့မယ်"

ဖိုးအောင်က စားပွဲထိုးကို ခေါ်ပြီး ငွေရှင်းလိုက်တယ်။

ကိုလှကြိုင်က ထိုင်ရာကထဖို့ပြင်နေတဲ့ သူ့ကို လှမ်းပြီး

"ဆုံဖို့အတွက် ရှာစရာမလိုပါဘူးကွ၊

မင်းရဲ့အနားမှာ အဆင်သင့်ကြီး

ရှိနေတာပဲ၊

ရောကန်အသင့် ကြာအသင့်ပဲ ကိုယ့်လူရ ...

ဟား ဟား ဟား"

လို့ နောက်ပြောင်လိုက်ပြန်တယ်။



ထိုနေ့က ဈေးအပြန် အိမ်ရောက်တဲ့အထိ ဖိုးအောင်ရင်ထဲ တစ်မျိုးကြီး ခံစားနေရတယ်။

"ဟေ့ ဖိုးအောင် ... မင်း ပြန်လာပြီပေါ့၊

အတော်ပဲ ... မင်းကို ပြောစရာရှိတယ်"

မာလီဦးတူးရဲ့အသံကြောင့် ဖိုးအောင်က ခြံထဲဝင်လိုက်ရင်း ...

"ဘာများလဲ ဦးလေး ... ကျုပ်

နောက်ကျလို့လားဗျာ"

"မဟုတ်ပါဘူးကွ ... ရင်မေ့အကြောင်းပါ၊

ရွာက သူ့အဖေ ဆုံးသွားပြီကွ ...

ဟိုမှာကလည်း မျက်မမြင်အမေအိုကြီးပဲ

ရှိတာကြောင့် သူ ဒီလာလို့မဖြစ်ကြောင်း

ခုနကပဲ ဖုန်းဆက်တယ်"

"အစ်မရင်မေအတွက် စိတ်မကောင်းစရာပါပဲ၊

ဒါဆိုရင် သူဌေးမက လူထပ်ခေါ်ရမှာပေါ့"

www.burmeseclassic.com



"သူ အပြင်ထွက်သွားတယ်ကွ၊

ပြန်လာမှ ပြောပြရမှာပဲ"

ဦးတူးနဲ့ စကားပြောပြီးနောက် ဖိုးအောင်လည်း မီးဖိုဆောင်ထဲ ဝင်ခဲ့တယ်။

ထမင်းချက်ကြီးမြကို ဝိုင်းကူလုပ်ပေးလိုက်တယ်။

"ဟဲ့ ဖိုးအောင် ... နင် နေမကောင်းဘူးလား၊

မျက်နှာက မလန်းပါလားဟဲ့"

ကြီးမြက သူ့မျက်နှာကို အကဲခတ်ရင်း ပြောလာတယ်။

"အင်း ... ဟုတ်တယ် ကြီးမြ၊

ကျွန်တော် နေမကောင်းချင်နေတယ်ထင်တယ်"

"ဒါဆို နင်သွားနားနေလိုက်၊

သူဌေးမ ပြန်လာရင် ငါပြောပေးမယ် ...

သွား သွား"

ကြီးမြရဲ့စကားကြောင့် ဖိုးအောင်လည်း ဘာမှပြန်မပြောတော့ဘဲ တန်းလျားဘက်ထွက်ခဲ့တယ်။



သူဟာ အိပ်ရာပေါ်လှဲချလိုက်ပြီး ...

"ငါ ဘာဖြစ်သွားတာလဲ၊

ဆိုက်ကားဆရာလုကြိုင် စနောက်လိုက်ရုံနဲ့

ငါ့စိတ်တွေ ဘာလို့များ ဒီလောက်

လှုပ်ရှားသွားရသလဲ၊ ငါ ... ငါ ...

ဒေါ်မိမိလတ်ကို ကြိုက်နေတာများလား၊

ဟာ ... မဖြစ်နိုင်ပါဘူး၊

ဒီမိန်းမကြီးက မာနသိပ်ကြီးသလို

ငါ့ခေါင်းကိုလည်း ပန်းအိုးနဲ့

ရက်ရက်စက်စက် ရိုက်ခွဲခဲ့ဖူးတယ်၊

သူ့ကို ငါ ကြိုက်သလား၊ မုန်းသလား၊

ငါကိုယ်တိုင် ဝေခွဲမရဘူး၊

ဘယ်လိုစိတ်ပဲဖြစ်နေပါစေ ... ဒါ

မတွေးသင့်တဲ့ကိစ္စပဲ၊ ဘယ်လိုမှမဖြစ်နိုင်ဘူး၊

သူ့လိုမိန်းမကြီးကလည်း ငါလိုကောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ နေရာပေးမှာမဟုတ်ပါဘူး”

ဖိုးအောင်ဟာ ထိုသို့တွေးမိရင်း သက်ပြင်းချလိုက်မိတယ်။

ဒီအချိန်မှာပဲ မာလီကြီးဦးတူး ဝင်လာတယ်။

“မင်း နေမကောင်းဘူးဆို ကောင်လေး၊

ဒီမှာ မမြကမင်းတွက် ဆေးနဲ့ပေါင်မုန့်

ဝယ်ပေးလိုက်တယ်၊

စားပြီး ဆေးသောက်လိုက်”

ဖိုးအောင်က အိပ်ရာပေါ်က ထလိုက်ပြီး ...

“ဦးလေးတူး ... ယောကျ်ားတစ်ယောက်က

မိန်းမတစ်ယောက်ကို ဘာလို့ကြိုက်တာလဲ”

လို့ မေးလိုက်မိတယ်။

“ဟော့ ဖိုးအောင် ... မင်းက

မမေးစဖူး အမေးထူးနေပါလား၊

ကြိုက်တယ်ဆိုတာ လူတွေက



စကားအလွယ်ပြောကြတာကွ၊ တကယ်တော့ ...

ယောကျ်ားနဲ့မိန်းမက ချစ်မြတ်နိုးကြတာ၊

စတိုးဆိုင်မှာတွေ့တဲ့ ပစ္စည်းတစ်ခုကို

ဒါလေး ငါကြိုက်လိုက်တာ,

ငါလိုချင်လိုက်တာလို့ ပြောတတ်ကြတယ်၊

ငါ ဒီဟင်းကို သိပ်ကြိုက်တာပဲလို့လည်း

ပြောတတ်ကြတယ်၊ အေး ...

အချစ်ဆိုတာ သိပ်လေးနက်တယ်ကွ၊

တစ်ယောက်နဲ့တစ်ယောက် ချစ်မြတ်နိုးတာကို

ကြိုက်တယ်ဆိုတဲ့စကားနဲ့ အလွယ်

မပြောသင့်ဘူးလို့ ငါထင်တယ်လေ၊

ဒီဘက်ခေတ်မှာတော့ လူငယ်တွေက

အလွယ်ပြောနေကြတာပဲကွ၊

ဒီကောင်မလေး ငါကြိုက်တယ်ဆိုတဲ့

အပြောတွေပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တယ်ဆိုတဲ့ အသုံးအနှုန်းကိုက
ကိုယ်ချစ်တဲ့လူကို အလေးအနက်မထားရာ
ရောက်တယ်ကွ၊ နေပါဦး ...
မင်းက စိတ်ဝင်စားရမယ့်လူ ရှိနေပြီလားကွ"
ဖိုးအောင်ဟာ မလုံမလဲဟန်နဲ့ ငြင်းဆန်လိုက်တယ်။
"မရှိပါဘူး ဦးလေးတူးရာ၊
ဈေးသွားရင်း ကျုပ်နဲ့
ရွယ်တူကောင်လေးတွေပြောတာ
ကြားမိလို့ မေးတာပါ၊
ဒါနဲ့ ... သူဌေးမ ပြန်မလာသေးဘူးလားဗျ"
"ပြန်တော့လာပြီကွ၊ ရောက်ရောက်ချင်း
အပေါ်ထပ်တန်းတက်သွားတာပဲ၊
ဘာတွေအရေးကြီးနေလဲ မသိပါဘူးကွာ"
ထိုအချိန်မှာပဲ ...
"ကိုတူးနဲ့ဖိုးအောင် ... နင်တို့ကို

သူဌေးမ ခေါ်နေတယ်"

ထမင်းချက်ကြီးမြ ရောက်လာပြီး ပြောတာကြောင့် သူတို့ အိမ်ကြီးဘက် လိုက်သွားကြတယ်။

ဧည့်ခန်းထဲရောက်တော့ သူဌေးမက ဆိုဖာပေါ်ထိုင်လျက် ...

"ရှင်မေ ပြန်မလာတော့ဘူးဆိုတာ
သိပြီးကြရောပေါ့၊ အလုပ်သမားအသစ်
ခေါ်ရမှာ သိတယ်၊ ဒါပေမဲ့ ...
ကျွန်မ အရောင်းအဝယ်ကိစ္စနဲ့
သန်ဘက်ခါ ခရီးထွက်စရာရှိတဲ့အတွက်
ပြန်လာမှပဲ အလုပ်သမားခေါ်မယ်၊
ဒါကို အားလုံးသိအောင် ပြောထားတာပါ"
လို့ ပြောပြီး ဒရိုင်ဘာလှမောင်ဘက် လှည့်ကာ ...
"လှမောင် ... ညနေခြောက်နာရီထိုးရင်
ငါ ဧည့်ခံပွဲသွားစရာရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကားကို သေချာပြင်ဆင်ထားပါ"

လို့ ပြောလိုက်တယ်။

ဖိုးအောင်က ဒေါ်မိမိလတ်ရဲ့မျက်နှာကို တိတ်တိတ်လေး

ခိုးကြည့်လိုက်မိတယ်။

ဒါကို ဒေါ်မိမိလတ် မြင်သွားပြီး ...

"ငါ့ကို ဘာကိစ္စကြည့်နေတာလဲ ဖိုးအောင်၊

ဘာပြောချင်လို့လဲ"

လို့ မေးလိုက်တဲ့အတွက် ဖိုးအောင်ဟာ ထူပူသွားပြီး...

"ဘာ ... ဘာမှပြောစရာ မရှိပါဘူးခင်ဗျ"

လို့ ဖြေလိုက်မိတယ်။

"ကဲ ... ဒါဆိုလည်း အားလုံး

ကိုယ့်အလုပ်ကိုယ် လုပ်ကြတော့"

ဒေါ်မိမိလတ်က ထိုသို့ပြောပြီး အပေါ်ထပ်တက်သွား

တော့တယ်။

□□□

# အပိုင်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com

“ဒီနေ့ ... ဈေးလာတာ

နောက်ကျပါလား ဖိုးအောင်ရဲ့

မင်းကိုစောင့်ရင်းသောက်တာ ငါ

လက်ဖက်ရည်တောင် ကုန်သွားပြီ၊



လာကွာ ... ထိုင်”

ဖိုးအောင်က ဆိုက်ကားဆရာကိုလှကြိုင်ရဲ့သား ဝင်ထိုင်လိုက်တယ်။

ကိုလှကြိုင်က လက်ဖက်ရည် မှာလိုက်ပြီး ...

“မနေ့က ငါပြောတဲ့ကိစ္စ

မင်း ဘယ်လိုသဘောရလဲ ... ဟဲ ဟဲ”

“အမှန်အတိုင်းပြောရရင် ကျုပ်စိတ်ထဲမှာ

ကိုလှကြိုင်ပြောပြီးတော့ အတော်လေး

စိတ်လှုပ်ရှားသွားမိတယ်၊ ကျုပ်စိတ်မှာ

သူဌေးမအပေါ် ခံစားချက်ရှိတာ မှန်တယ်၊

ဒါပေမဲ့ ... အချစ်လား, အမုန်းလား

ခွဲခြားမရဘူးဗျ၊ ကျုပ် ... သူ့အိမ်ရောက်တာ

တစ်နှစ်ပြည့်တော့မယ်၊

သူ ကျုပ်ကို ခေါင်းပေါက်အောင်

လုပ်ခဲ့ဖူးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် သူ့ကို စိတ်ဝင်စားတာရော,

မုန်းတာရော ရောနေတယ်ဗျ၊

ဘယ်လိုလုပ်ရမလဲ"

ဆိုက်ကားဆရာကိုလှကြိုင်က ဖိုးအောင်ကို စူးစိုက်ကြည့်နေတယ်။

ပြီးမှ ...

"မင်း မချမ်းသာချင်ဘူးလားကွ"

လို့ မေးလာတယ်။

ဖိုးအောင်က တွေခနဲဖြစ်သွားပြီး ...

"ငွေဟာ လူတွေရဲ့ သည်းခြေကြိုက်ပဲဗျ၊

ချမ်းသာချင်တာပေါ့ဗျာ၊

ကျုပ် ငွေရှိမှ သူများအနိုင်းခံဘဝက

လွတ်မှာပေါ့"

လို့ ပြောလိုက်တဲ့အခါ ကိုလှကြိုင်က ပြုံးလိုက်ပြီး ...

"ဒါဆို ... မင်း မိမိလတ်ကို



အရယူလိုက်ပေတော့ကွ"

"အာ ... မဖြစ်နိုင်ပါဘူး၊

သူက မာနကြီးတယ်ဗျ၊

ကျုပ် သူ့ကိုရဖို့ လုံးဝမဖြစ်နိုင်ဘူး၊

သူက သိပ်ထက်တဲ့မိန်းမဗျ"

"ငါပြောမယ် ဖိုးအောင်ရ ...

မင်းကိုယ်တိုင် သူ့အပေါ်

ဘယ်လိုစိတ်မျိုးရှိနေလဲ မသိဘူး

မဟုတ်လား၊ သူ့ကို အရယူနိုင်ရင်

အားလုံးပြီးပြီလေကွာ၊

မင်းဟာမင်း ချစ်ချစ်, မုန်းမုန်း

ကြိုက်တာကို ရွေးချယ်လို့ရပြီ"

ကိုလှကြိုင်ရဲ့အပြောကြောင့် ဖိုးအောင် ငြိမ်သက်သွားပြန်တယ်။

"ခင်ဗျားပြောတာ ဟုတ်သလိုတော့ရှိသား

www.burmeseclassic.com

www.burmeseclassic.com



နဖူးက ဒဏ်ရာကိုမြင်ရင် သူ့ကို မုန်းတယ်၊

ကျုပ် ... ကျုပ် ဘာလုပ်ရမလဲ"

ကိုလှကြိုင်က ရှိစုမဲ့စု မုတ်ဆိတ်မွေးကို ပွတ်သပ်လိုက်ပြီး ...

"မင်းအတွက် ငါ့မှာ နည်းလမ်းရှိတယ်၊

အေး ... ဒါပေမဲ့ ...

မင်း ငါ့ကို ယုံကြည်မှုရမှာနော်"

လို့ ပြောလာတယ်။

"ခင်ဗျားက ကျုပ်ကောင်းဖို့ ပြောတာပဲဗျ၊

မယုံစရာ ဘာမှမရှိပါဘူး"

"အေး ... ဒါဆို ငါအကြံပေးမယ်၊

ဒါပေမဲ့ ... ငါပေးမယ့်အကြံကို

မင်း ယုံကြည်ပြီးလုပ်မှ ဖြစ်မယ်ကွ"

ဆိုက်ကားဆရာကိုလှကြိုင်ရဲ့အပြောကြောင့် ဖိုးအောင်တွေခနဲဖြစ်သွားတယ်။



"ယုံကြည်တယ်ဗျာ ... ကျုပ်လုပ်မယ်၊

ဘာလုပ်ရမလဲပဲ ပြောစမ်းပါ"

"ဟုတ်ပြီ ဖိုးအောင် ... ဒါဆို

အခုပဲ တို့ အလုပ်စရအောင်"

ကိုလှကြိုင်က ထိုသို့ပြောပြီး ဈေးထဲခေါ်သွားတယ်။

ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ဖယောင်းတိုင်တို့ ဝယ်ယူပြီး သူ့ဆိုက်ကားနဲ့ ပြန်ထွက်ခဲ့တယ်။

ဖိုးအောင်လည်း ကိုလှကြိုင်ခေါ်ရာနောက် ဘာမှမပြောဘဲ လိုက်ပါခဲ့တယ်။

ကိုလှကြိုင်က ဆိုက်ကားကို ရပ်ကွက်တစ်ခုထဲဆီ နင်းသွားတယ်။

နတ်စင်တစ်ခုနားရောက်တော့ ဆိုက်ကားကို ရပ်တန့်လိုက်ပြီး ...

ဖိုးအောင်ကို ဆင်းစေတယ်။

"ဘာလုပ်ဖို့လဲဗျ ... နတ်စင်ကြီးမှာ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးအောင်ရဲ့အမေးကြောင့် ကိုလှကြိုင်က နတ်စင်ရှေ့ လျှောက်သွားတယ်။

ပြီးတော့ ... ဖယောင်းတိုင်သုံးတိုင်ကို ထွန်းညှိလိုက်တယ်။

"ဒါက ရှာတော်ရှင်ဘိုးဘိုးကြီးနတ်ကွန်းပါ၊

အခု ... မင်းကို ငါ

ပီယဆေး စီရင်ပေးတော့မှာကွ၊

မင်း ယုံယုံကြည်ကြည်နဲ့

ငါ ပြောခိုင်းတဲ့အတိုင်း ပြောရမယ်"

ကိုလှကြိုင်က ဝယ်လာတဲ့ကွမ်းနဲ့ကွမ်းယာ ယာလိုက်တယ်။

"မင်းက ဘာနေ့သားလဲ ဖိုးအောင်"

"ကြာသပတေးသားဗျ"

ကိုလှကြိုင်က နတ်စင်ရှေ့ ဆောင့်ကြောင့်ထိုင်လိုက်ပြီး သူ့ကိုပါ ထိုင်စေတယ်။



"ရှာတော်ရှင်ဘိုးဘိုးကြီးခင်ဗျား ...

ကျွန်တော် ကြာသပတေးသား မောင်ဖိုးအောင်သည်

မိမိလတ်အား ချစ်ခင်စုံမက်လိုပါသောကြောင့်

ကွမ်းယာမန်း လိုအပ်ပါသဖြင့် ...

ရှာတော်ရှင်ဘိုးဘိုးကြီး ခွင့်ပြုတော်မူပါ၊

စောင့်ရှောက်တော်မူပါ ဘိုးဘိုးကြီးခင်ဗျာ"

ဖိုးအောင်က ကိုလှကြိုင်တိုင်ပေးတဲ့အတိုင်း လိုက်ဆိုလိုက်တယ်။

"ငါ အခု ကွမ်းယာကို ဂါထာစုတ်တော့မယ်၊

မင်းက ငါ ဂါထာစုတ်နေချိန်မှာ

မိမိလတ်ရဲ့မျက်နှာကို စိတ်ထဲက

မြင်အောင် ကြည့်နေရမယ်"

ကိုလှကြိုင်က ထိုသို့ပြောပြီး ဘိုးဘိုးကြီးနတ်ကွန်းကို ဦးချကန်တော့လိုက်တယ်။

ပြီးတော့ .. ကွမ်းယာကို ပါးစပ်နားတေ့ပြီး စောင်ဂါထာ

www.burmeseclassic.com

www.burmeseclassic.com



ရတ်တော့တယ်။

ဖိုးအောင်လည်း ကိုလှကြိုင်ပြောတဲ့အတိုင်း လှပပြီး မာန်မာနကြီးလွန်းတဲ့ မိမိလတ်ရဲ့မျက်နှာကို စိတ်ထဲအာရုံပြုနေမိတယ်။

အဝန်ကြာတော့ ကိုလှကြိုင်ရဲ့ဂါထာရွတ်ခြင်း ပြီးဆုံးသွားတယ်။

"ကဲ ... ကွမ်းမန်းအစီအရင်တော့
အောင်မြင်ပြီကွ၊
ရော့ ... ဒီကွမ်းသုံးရာကို မင်း ယူသွားရမယ်၊
မိမိလတ်ရဲ့ရှေ့ရောက်တဲ့အခါ ကွမ်းယာဝါးရမယ်၊
ပြီးရင် ... သူသွားမယ့်လမ်းမှာ
ကွမ်းတံတွေးကို ထွေးပစ်လိုက်၊
မင်းကို မိမိလတ် လုံးဝစွဲလမ်းစေရမယ်၊
ပြီးတော့ ... သူ ဘယ်တော့မှ မင်းကို
ဆူပူကြိမ်းမောင်းတော့မှာ မဟုတ်ဘူးကွ"



ကိုလှကြိုင်ရဲ့အပြောကြောင့် ဖိုးအောင်က ...

"ကွမ်းစားတာတော့ ဖြစ်တယ်ဗျ၊
သူနဲ့ အိမ်ထဲမှာတွေ့ရင်
ကွမ်းတံတွေး မထွေးရဘူးလေ၊
ကျုပ် အလုပ်ပြုတ်ပြီး ပါးရိုက်ခံနေရဦးမယ်ဗျာ"
လို့ ငြင်းဆန်လိုက်တဲ့အခါ ...

"ဟား ဟား ဟား ... ဖိုးအောင်ရာ ...
မင်းက တုံးကောင်ပဲကွ၊
မီးစဥ်ကြည့်ပြီးသာ ကလိုက်စမ်းပါကွာ၊
သူ့အလိုလို အဆင်ပြေသွားပါလိမ့်မယ်၊
ကဲ ... ပြန်ကြမယ်ဟေ့"

ကိုလှကြိုင်က ထိုသို့ပြောပြီး ဆိုက်ကားပေါ်တက်လိုက်တယ်။

"ကျုပ်တော့ အိမ်ရောက်ရင် မျက်ခုံးလှုပ်တယ်၊
အခု နေ့တစ်ဝက်ကျိုးနေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ခုလောက်ဆို သူ့ငွေးမက ကျုပ်

ဈေးကပြန်မလာလို့ အတော်လေး

စိတ်ဆိုးနေလောက်ပြီ”

ဖိုးအောင်ဟာ စိတ်ထဲလေးလံမှုနဲ့အတူ ရေရွတ်လိုက်

တော့တယ်။

□□□

# အပိုင်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မိမိလတ်ရဲ့ ခြံနားရောက်တဲ့အခါ ကိုလှကြိုင်က ဆိုက်ကားကို ရပ်လိုက်ပြီး ...

"ပထမဆုံးကွမ်းကို စ,စားပြီး သွားပေတော့၊

ဒီနေ့ကစပြီး သူဌေးမအိမ်မှာ



မင်းရဲ့အနေအထား ပြောင်းသွားပြီ၊

နောက်မှ ဆုံတာပေါ့၊ မင်းကို

နောက်ထပ် လုပ်ပေးစရာ ရှိသေးတယ်"

လို့ ပြောလိုက်တယ်။

ဖိုးအောင်က ကွမ်းယာကို ပါးစပ်ထဲ ထည့်ဝါးလိုက်ပြီး

"သွားပြီဗျာ ... ကိုလှကြိုင်"

ဖိုးအောင်တစ်ယောက် ရင်တထိတ်ထိတ်နဲ့ ခြံရှေ့ ရောက်သွားတယ်။

သူ့လက်ဖျားတွေ အေးစက်နေသလို ကြောက်စိတ်ကြောင့် ကတုန်ကယင် ဖြစ်နေရှာတယ်။

ခြံထဲဝင်သွားတဲ့အခါ မာလီဦးတူးက ရေလောင်းနေရာက ပြေးထွက်လာပြီး ...

"ဟာ ... ကောင်လေး ... မင်း

ဘယ်တွေလျှောက်သွားနေတာလဲ၊

သူဌေးမ အရမ်းဒေါသထွက်နေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့လည်း ဈေးလိုက်ပြီး ရှာခိုင်းသေးတယ်၊

မင်းတော့ ပြဿနာအကြီးကြီး ရှာလိုက်ပြန်ပြီ”

လို့ပြောလာတဲ့အခါ ဖိုးအောင်ဟာ ဒူးချောင်မတတ် ထိတ်လန့်သွားတယ်။

ဒီအချိန်မှာပဲ တိုက်ကြီးထဲကနေ သူဌေးမ ထွက်လာတယ်။

ဒေါ်သတကြီးဟန်နဲ့ သူရှိရာ လျှောက်လာတယ်။

ဖိုးအောင်လည်း စိုးရိမ်စိတ်ကြောင့် ကွမ်းယာကို ဖိဝါးနေမိတယ်။

“မင်း ဘာအချိုး ချိုးလိုက်တာလဲ”

ဒေါ်မိမိလတ်ရဲ့အသံကြောင့် ဖိုးအောင်ဟာ လန့်ဖျပ်ယောင်ယမ်းပြီး ကွမ်းတံတွေးကို ထွေးလိုက်မိတယ်။

ဖိုးအောင်ဆီက မထင်မှတ်ထားတဲ့ လုပ်ရပ်ကြောင့် ဒေါ်မိမိလတ်ဟာ ခြေထောက်ကို ရှောင်ရှားလိုက်တယ်။

သူမ ရှောင်လိုက်ပေမယ့် ကွမ်းတံတွေးကိုကျော်လိုက်



သလို ဖြစ်သွားတယ်။

မာလီဦးတူးဟာ ထိုအဖြစ်အပျက်ကြောင့် ပြဿနာကြီး တက်တော့မယ်ဆိုတာ ရိပ်စားမိလိုက်တယ်။

ဘာကြောင့်လဲဆိုတော့ ဒေါ်မိမိလတ်ဟာ အလုပ်သမားတွေ ကွမ်းစားခြင်းကို လုံးဝတားမြစ်ထားလို့ပါပဲ။

အိမ်ရှိအလုပ်သမားအားလုံး ဖိုးအောင်တို့အနီးကို ရောက်လာကြတယ်။

ဒေါ်မိမိလတ်က မာထန်တဲ့မျက်နှာကြီးနဲ့ ဖိုးအောင်ကို စူးစိုက်ကြည့်လာတယ်။

ဖိုးအောင်လည်း ကွမ်းကိုသာ ဖိဝါးပြီး မျက်လွှာချထားမိတယ်။

ဒေါ်မိမိလတ်ရဲ့မျက်လုံးအရောင်တွေ တဖြည်းဖြည်း ပြောင်းသွားပြီး ...

“မင်း ... ဘယ်တွေလျှောက်သွားနေတာလဲ”

လို့ မေးလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... ဩော် ဒီလိုပါဗျ၊

ကျွန်တော် ဈေးဝယ်ရင်း ဈေးထဲမှာ

မြို့က သူငယ်ချင်းနဲ့ဆုံလို့

လက်ဖက်ရည်ဆိုင်မှာ စကားပြောရင်း

ကြာသွားတာပါ၊ တောင်းပန်ပါတယ်ခင်ဗျ"

ဖိုးအောင်က သူမရဲ့မျက်နှာကို မဝံ့မရဲမော်ကြည့်ရင်း

တောင်းပန်လိုက်တယ်။

ဒါကြောင့် ဒေါ်မိမိလတ်နဲ့ဖိုးအောင်တို့ အကြည့်ချင်းဆုံ

သွားကြတယ်။

ဒေါ်မိမိလတ်က သူ့ကို ပြုံးပြရင်း ...

"ထားလိုက်ပါတော့ ... နောက်တစ်ခါ

မဖြစ်စေနဲ့"

လို့ပြောပြီး နောက်လှည့်ပြန်ထွက်သွားတယ်။

ထိုအဖြစ်အပျက်ကြောင့် ဖိုးအောင်ရော၊ အိမ်ရှိအလုပ်

သမားတွေပါ တအံ့တသြဖြစ်သွားကြတယ်။



"ထူးဆန်းလှချည်လားဟ ... သူဌေးမက

ကွမ်းစားတာ လုံးဝမကြိုက်ဘူး၊

ခြံထဲ ကွမ်းတံတွေး ထွေးတာတောင်

ဘာမှမပြောဘူး၊ အံ့သြဖို့ကောင်းတယ်"

ဦးတူးရဲ့အပြောကြောင့် ဒရိုင်ဘာလှမောင်ကပါ ...

"ဟုတ်တယ် ဦးလေးတူးရ၊

ဒီနေ့ ထီထိုးရမယ့်နေ့ပဲ ...

ထူးဆန်းလွန်းလို့လေ၊ ကျွန်တော်ဆို

ကွမ်းစားချင်တာ မစားရဲဘူး၊

သူ့ကားမောင်းနေရတော့ အရမ်းသတိထားရတာ၊

ဖိုးအောင်တော့ ဘာဆေးစွမ်းနေလဲမသိဘူး"

"အိုတော် ... မဆိုင်တာတွေ ပြောမနေကြပါနဲ့၊

ဖိုးအောင်ကိုလည်းကြည့်ဦး ... ကြောက်နေတာ

စကားတောင် မပြောနိုင်ရှာဘူး၊

သူဌေးမက ဒီရက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သိပ်များနေတာလေ၊ ဖိုးအောင်ကိုဆူဖို့

အချိန်မရှိလို့ဘဲ ဖြစ်ရမယ်၊

ဖိုးအောင် ... ဆွဲခြင်းပေးတော့"

ထမင်းချက်ဒေါ်မြကြ ဆွဲခြင်းယူပြီး ထွက်သွားတယ်။

ဖိုးအောင်တစ်ယောက် သူ့နားကလူတွေ ထွက်သွားချိန်ထိ အံ့သြမှင်တက်နေမိဆဲ။

ကိုလှကြိုင်စီရင်ပေးတဲ့ ကွမ်းမန်းက သူ့ကို ပထမဆုံး အပြောင်းအလဲ စပေးလိုက်ပြီ မဟုတ်ပါလား။

❒❒❒

## အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

## နောက်တစ်နေ့ ••• ဖိုးအောင် အိမ်သန့်ရှင်းရေး

လုပ်နေချိန် သူ့နားကို မိမိလတ်ရောက်လာပြီး …

“မင်းကို ပြောစရာရှိတယ်၊

ဧည့်ခန်းထဲ လိုက်ခဲ့နော်”

လို့ ပြောလာတယ်။



“ဟုတ်ကဲ့ခင်ဗျ”

ဆိုတဲ့ အဖြေနဲ့အတူ သူမနောက်က လိုက်သွားမိတယ်။

ဧည့်ခန်းထဲရောက်တော့ မိမိလတ်က သူ့ကို ဆိုဖာပေါ် ထိုင်စေတယ်။

ဆိုဖာမှာ အလုပ်သမားတွေ ထိုင်ခွင့်မရှိတာကြောင့် ဖိုးအောင် အံ့အားသင့်သွားရတယ်။

“တို့ ဒီည နေပြည်တော်ကို

ခရီးထွက်ရမယ်၊ လမ်းခရီးမှာ

လိုအပ်တာရှိရင် ခိုင်းလို့ရအောင်

မင်း တို့နဲ့လိုက်ခဲ့ရမယ်၊

မင်းရဲ့အဝတ်အစားတွေက …

သိပ်ဟောင်းနေတယ်၊ ဒါ့ကြောင့် …

အခုပဲ အသစ်တွေ ဝယ်လိုက်ပါ၊

ရော့ … ဒီမှာ ငွေငါးသောင်း၊

လှမောင်ကို ခေါ်ချင်ခေါ်သွားပါ”

www.burmeseclassic.com

www.burmeseclassic.com



“ဗျာ … ကျွန်တော်က ခရီးလိုက်ခဲ့ရမယ်

ဟုတ်လား”

ဖိုးအောင်ရဲ့အထိတ်တလန့်အမေးကြောင့် မိမိလတ်က

“အင်းလေ … ဟုတ်တယ်၊

ဘာဖြစ်လို့လဲ”

လို့ သူ့ကို စူးစိုက်ကြည့်ရင်း ပြန်မေးတယ်။

လှပတဲ့ သူမမျက်ဝန်းတွေနဲ့ အကြည့်ချင်းဆုံတဲ့အခါ ဖိုးအောင်ရင်ထဲ ကုလားဘုရားလှည့်သလို ခံစားနေရတယ်။

“မ … မဟုတ်ပါဘူး … ဘာမှမဖြစ်ပါဘူး၊

ဒါဆို … ကျွန်တော် ဈေးသွားဝယ်တော့မယ်နော်”

ဖိုးအောင်က စားပွဲပေါ်က ငွေကို လှမ်းယူပြီး သူမရှေ့က အမြန်ထွက်ခဲ့တယ်။

သူ ခြံထဲရောက်တော့ ဦးတူးက လှမ်းမေးပြန်တယ်။

“ဘယ်သွားမလို့လဲ ကောင်လေးရ”

သူက သူဌေးမနဲ့အတူ ခရီးသွားရမယ့်အကြောင်း ပြော



လိုက်တော့ ဦးတူးတစ်ယောက် နှုတ်ခမ်းမှာတေ့ထားတဲ့ ဆေးလိပ် ပြုတ်ကျမတတ် အံ့အားသင့်သွားရှာတယ်။

ဖိုးအောင်လည်း ဈေးဘက် အမြန်လျှောက်ခဲ့တယ်။

အဝတ်အစားဝယ်ဖို့ထက် ဆိုက်ကားဆရာကိုလှကြိုင်နဲ့ တွေ့ချင်စိတ်က ပိုများနေတယ်။

ဖြတ်သွားဖြတ်လာ ဆိုက်ကားတွေကို ငေးကြည့်ရင်း ခပ်သုတ်သုတ်လျှောက်ခဲ့တယ်။

“ကလင် … ကလင် … ကလင်”

နောက်မှ ဆိုက်ကားဘဲလ်သံကြောင့် ဖိုးအောင်က လမ်းဘေး ဆင်းလျှောက်ပေးလိုက်တယ်။

“လှည့်မကြည့်နိုင်လောက်အောင်

မာနကြီးနေပုံထောက်ရင် ကိုယ့်လူ

အဆင်ပြေနေပြီ မဟုတ်လား၊

ဟဲ … ဟဲ … ဟဲ”

ဆိုက်ကားဆရာလှကြိုင်ရဲ့အပြောကြောင့် ဖိုးအောင်က

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာလေ အတော်နောက်တဲ့လူပဲ၊

ကျုပ်က ခင်ဗျားကို တွေ့ချင်လို့

လာတာဗျ၊

လာဗျာ ... လက်ဖက်ရည်ဆိုင်ထိုင်ကြမယ်"

လို့ပြောပြီး ဆိုက်ကားပေါ် တက်ထိုင်လိုက်တယ်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ...

"ခင်ဗျားစီရင်ပေးတာ တကယ်စွမ်းတာပဲဗျ၊

သူဌေးမရဲ့စိတ်ကို ညို့လိုက်သလိုမျိုး

ပြောင်းလဲသွားတာ ကျုပ်ဖြင့်

မယုံနိုင်အောင်ဖြစ်မိတယ်၊

အိပ်မက်မက်နေသလိုပဲဗျာ၊

သူ အရမ်းပြောင်းလဲသွားတာ"

ဖိုးအောင်က ထိုသို့ပြောပြီး ကျေးဇူးစကားဆိုလိုက်တယ်။

ကိုလှကြိုင်က သဲ့သဲ့လေးပြုံးလိုက်ပြီး ...



"ဒါ့ထက်စွမ်းတာ မင်းကို ပေးဖို့ရှိတယ်၊

အဲဒါနဲ့ဆို မင်းရဲ့သူဌေးဟာ မင်းကို

တအောင်တည်း အောင်နေလိမ့်မယ်ကွ၊

မျက်စိအောက်ကတောင် အပျောက်ခံမှာ

မဟုတ်ဘူး ... ဟာ ဟာ"

ကိုလှကြိုင်ရဲ့အပြောကြောင့် ဖိုးအောင် စိတ်လှုပ်ရှားသွားတယ်။

"ဟင် ... အဲလိုမျိုး တကယ်ဖြစ်မှာလား၊

အဲလိုဖြစ်ဖို့ ကျုပ် ဘာလုပ်ရမလဲဗျာ"

ကိုလှကြိုင်က လက်ဖက်ရည်ကိုမော့သောက်လိုက်ပြီး အကျီအိတ်ကပ်ထဲ နှိုက်လိုက်တယ်။

ဖိုးအောင်က ကိုလှကြိုင်လှမ်းပေးတဲ့ လက်သုံးဆုံးလောက် အထုပ်လေးကို ကြည့်လိုက်တယ်။

နန္နင်းလုံးလောက် အလုံးလေးတွေ ...

"ဒါက ဘာလဲဗျ ... ဘယ်လိုလုပ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်တယ်။

ကိုလှကြိုင်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး ...

"ဒါက ခတ်ဆေးလို့ ခေါ်တယ်ကွ၊

မိမိလက်စားမယ့် အစာထဲ ခတ်ပေးရမယ်၊

အထူးသတိထားရမှာက ခတ်ဆေးကို

ချဉ်ရည်ဟင်းထဲ မသုံးရဘူး၊

ဒီခတ်ဆေးကိုရဖို့အတွက် ငါ

အပင်ပန်းခံပြီး စီရင်ထားရတာကွ၊

သူစားမယ့်အစာထဲ နည်းနည်းစီ

ထည့်ပေးရင် ရပြီ"

ဖိုးအောင်က အိတ်ထဲရှိ အလုံးလေးတွေကိုကြည့်ပြီး ...

"ခတ်ဆေးသုံးလိုက်ရင် သူ ကျုပ်ကို

တကယ် တမ်းတမ်းစွဲဖြစ်မှာလားဗျာ"

"ယုံကြည်ပြီးသာ လုပ်ပါကွာ၊



ငါ့ဆေးအစွမ်း ငါ အသိဆုံးပဲ၊

ဟဲ ဟဲ ... မင်း သူဌေးကြီးဖြစ်သွားရင်တော့

ငါ့ကို မမေ့နဲ့နော်"

"အာ ... မေ့စရာလားဗျ၊

ကိုလှကြိုင်က ကျုပ်ရဲ့ကျေးဇူးရှင်ပဲဟာ၊

လုံးဝမမေ့ဘူးဗျာ ... စိတ်ချ"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

## ထိုနေ့သည် ...

မော်ဒယ်မြင့် ဗိမ်ခံကားတစ်စီးဟာ အဝေးပြေးလမ်းမ ထက် တရိပ်ရိပ် ပြေးနေတယ်။

မိမိလတ်က ကားကို ကိုယ်တိုင်မောင်းသလို ဗိုးအောင်

www.burmeseclassic.com



က ဘေးမှာထိုင်လျက် ...

မိမိလတ်နဲ့ဘေးချင်းယှဉ်ထိုင်ရတဲ့အတွက် ဖိုးအောင်တစ်ယောက် အကြီးအကျယ် စိတ်လှုပ်ရှားနေတယ်။

"အောင် ... ဗိုက်ဆာနေပြီလားဟင်"

မိမိလတ်ရဲ့အခေါ်အဝေါ်ကြောင့် သူ အံ့အားသင့်သွားတယ်။

"မေးနေတယ်လေ ... မဖြေဘူးလား"

"ဟုတ်ကဲ့ ... ကျွန်တော်

မဆာသေးပါဘူး သူဌေးမ"

"ကျွတ် ... အောင်ကလည်း

အဲလိုကြီးမခေါ်ပါနဲ့၊

မမလို့ပဲ ခေါ်စမ်းပါ၊

ရှေ့နားမှာ စားသောက်ဆိုင်တွေရှိတယ်၊

အဲဒီတော့မှ နားကြတာပေါ့"

"ဟုတ်ကဲ့ ... သူဌေး ... အဲ ...



မမ အဆင်ပြေသလိုလုပ်ပါ"

"မမ ဇက်ကြောတက်နေတယ် အောင်ရဲ့၊

ခဏလောက် နှိပ်ပေးပါလားဟင်"

သူမရဲ့တောင်းဆိုမှုကြောင့် ဖိုးအောင်ဟာ လည်ကုပ်ကိုလှမ်းပြီး နှိပ်ပေးရတယ်။

အသားချင်းထိတွေ့တဲ့ ဦးဆုံးအတွေ့ကြုံမို့ ဖိုးအောင်တစ်ယောက် ရေငတ်သလို အာခေါင်ခြောက်သလိုကြီး ခံစားနေရတယ်။

အတန်ကြာတော့ စားသောက်ဆိုင်တွေရှိရာ ရောက်သွားတယ်။

ဖိုးအောင်ဟာ မီးရောင်စုံတွေ လင်းထိန်နေတဲ့ စားသောက်ဆိုင်ကြီးတွေကိုကြည့်ရင်း ကားပေါ်က ဆင်းလိုက်တယ်။

နှစ်ယောက်သား ဆိုင်ထဲဝင်ပြီး ထိုင်လိုက်ကြတယ်။

ဝိတ်တာကောင်လေးရောက်လာတဲ့အခါ မိမိလက်ထ

www.burmeseclassic.com



စားသောက်ဖွယ်ရာတွေ မှာလိုက်တယ်။

ပြီးတော့ ...

“အောင် ... ခဏနေဦးနော်၊

မ တွိုင်းလက်သွားလိုက်ဦးမယ်”

ဖိုးအောင်ဟာ မိမိလတ်ပြောတာကို နားမလည်ပေမယ့် ခေါင်းညိတ်ပြလိုက်တယ်။

သူမ ထွက်သွားပြီး ခဏကြာတော့ စားသောက်ဖွယ်ရာတွေ ရောက်လာတယ်။

ဖိုးအောင်ဟာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး အိတ်ထဲက ခတ်ဆေးကို ထုတ်လိုက်တယ်။

ပြီးတော့ ... မိမိလတ်စားမယ့် ခေါက်ဆွဲကြော်ထဲ ရောထည့်လိုက်တယ်။

ဒီအချိန်မှာပဲ မိမိလတ် ပြန်ရောက်လာတယ်။

မိမိလတ်က ဖိုးအောင်ရဲ့မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ခေါက်ဆွဲကြော်ကို မြိန်ရှက်စွာ စားသောက်လိုက်တယ်။



ဖိုးအောင်တစ်ယောက်ကတော့ မိမိလတ်နဲ့အတူ စားသောက်ဆိုင်ကြီးမှာ စားသောက်ရတဲ့အတွက် ကျေနပ်နေမိတယ်။

စားသောက်ပြီးတော့ သူမက အချိုရည်ဘူးတွေ ဝယ်ယူပြီး ကားကိုဆက်မောင်းခဲ့တယ်။

“အောင် ... တို့နဲ့ ခရီးထွက်ရတာ

ပျော်ရဲ့လားဟင်”

မိမိလတ်ရဲ့အမေးကြောင့် ဖိုးအောင်က ...

“ပျော်တာပေါ့ မမရယ်၊

အောင့်ဘဝမှာ ပထမဆုံးနဲ့ အပျော်ဆုံးခရီးပါပဲ”

လို့ ခံစားချက်အပြည့်နဲ့ ပြောလိုက်တယ်။

“တို့လည်း အောင့်လိုပါပဲနော်၊

အရမ်းပျော်တယ် ... သိလား”

ဖိုးအောင်က ပြုံးနေတဲ့ မိမိလတ်ရဲ့မျက်နှာလေးကို ငေးကြည့်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မျက်တောင်မခတ်ဘဲ

ကြည့်နေရတာလဲ၊

တို့ မနေတတ်တော့ဘူးနော်"

ဖိုးအောင်က လှုပ်ရှားနေတဲ့စိတ်ကို ငြိမ်အောင်ထိန်းလိုက်ပြီး ...

"မမ ... မမကို ကျွန်တော်

ပြောစရာရှိတယ်၊ ကျွန်တော်ပြောရင်

မမက စိတ်ဆိုးမှာလားဗျာ"

"ဟင်း ဟင်း ဟင်း ... အောင်ကလည်း

ပြောစရာရှိတာ ပြောပါ၊

စိတ်ဆိုးစရာလားနော်"

သူ့အခြေအနေ ကောင်းမှန်းသိနေတဲ့ ဖိုးအောင်ဟာ မိမိလတ်ရဲ့လက်ကို ဆုပ်ကိုင်လိုက်ပြီး ...

"မမ ... မမကို ကျွန်တော် ချစ်တယ်၊

ကျွန်တော့်ကို လက်ခံပေးနိုင်မလားဟင်"



လို့ ဖွင့်ပြောချလိုက်တယ်။

မိမိလတ်က ကားကို ရပ်တံ့လိုက်ပြီး ဖိုးအောင်ကို ရွှန်းရွှန်းစားစားကြီး ကြည့်လိုက်တယ်။

"လွတ်လပ်တဲ့လူနှစ်ယောက် ချစ်တာပဲလေ၊

တို့အနေနဲ့ လက်မခံနိုင်စရာ အကြောင်းမရှိပါဘူး၊

အမှန်အတိုင်းပြောရရင် တို့လည်း

အောင့်ကို ချစ်မိနေတယ်"

မိမိလတ်က ထိုသို့ပြောပြီး ဖိုးအောင်ရဲ့ပါးပြင်ကို ရွတ်ခနဲ နမ်းရှုပ်လိုက်တယ်။

ဖိုးအောင်ကလည်း အလိုက်တသင့် သူမကို ပြန်နမ်းရှုပ်လိုက်တယ်။

လမိုက်ညရဲ့အဝေးပြေးလမ်းမထက် သူတို့နှစ်ဦးရဲ့ရင်ခုန်သံတွေက ဥသြသံအလား ကျယ်လောင်လွန်းလှတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

“ဒေါ်မြတို့အားလုံးကို ...

ကျွန်မ ပြောစရာရှိတယ်”

မိမိလတ်က ထိုသို့ပြောပြီး အလုပ်သမားအားလုံးကို မျက်လုံးဝေ့ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီရက်ပိုင်းထဲ ကျွန်မ အိမ်ထောင်ပြုတော့မယ်"

မိမိလတ်ရဲ့စကားကြောင့် အလုပ်သမားတွေဟာ မျက်လုံးအပြူးသားနဲ့ မှင်တက်သွားကြတယ်။

"ဟင် … တကယ်အိမ်ထောင်ပြုတော့မှာလား

သူဌေးမ၊

ကျွန်တော်တို့ အိပ်မက်မက်နေတာတော့

မဟုတ်ပါဘူးနော်"

ဒရိုင်ဘာလှမောင်ရဲ့အမေးကြောင့် သူမက …

"ဒါ … နောက်စရာကိစ္စမှ မဟုတ်တာ၊

ပြီးတော့ … အားလုံးကို

မှာထားမယ်၊ ဖိုးအောင်ကို ဒီနေ့ကစပြီး

အိမ်အလုပ်တွေကနေ အနားပေးလိုက်ပြီ၊

ဘာဖြစ်ကြောင့်လဲဆိုတော့ …

ကျွန်မလက်ထပ်မယ့် အိမ်ထောင်ဖက်က

ဖိုးအောင်ဖြစ်နေလို့ပဲ"



ထပ်ကြားလိုက်တဲ့စကားကြောင့် ဒေါ်မြတို့အားလုံး "ဟင်"ခနဲ ဖြစ်သွားကြပြန်တယ်။

သူတို့တွေရဲ့အကြည့်က ဖိုးအောင်ဆီ စုပုံကျလာတယ်။

ဖိုးအောင်က ခေါင်းငုံ့ရင်း နှုတ်ဆိတ်နေလိုက်တယ်။

ဒါကြောင့် …

"ဖိုးအောင်ဟာ ဒီအချိန်ကစပြီး

အပေါ်ထပ်အခန်းမှာ နေရမယ်၊

ဒေါ်မြက သူ့အတွက် အခန်းကို

သေချာပြင်ဆင်ပေးပါ၊

ကျွန်မ ပြောချင်တာ ဒါပါပဲ"

မိမိလတ်က အလုပ်သမားတွေကို ထိုသို့ပြောဆိုပြီး ဖိုးအောင်ရဲ့လက်ကိုဆွဲကာ …

"အောင် … တို့တွေ မင်္ဂလာပွဲအတွက်

စီစဉ်စရာတွေ သွားစီစဉ်ရအောင်"

လို့ပြောပြီး ဆွဲခေါ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာလှမောင်က သူတို့နှစ်ယောက် ထွက်သွားတဲ့ အခါ ...

“ဩော် ... မြန်ဆန်လှတဲ့ အပြောင်းအလဲတွေ၊
သူဌေးမက ငါ့တောင် ကားမမောင်းခိုင်းတော့ဘူး၊
ဒရိုင်ဘာရာထူးပြုတ်ဖို့ မျက်ခုံးလှုပ်နေပြီ၊
သူဌေးမက သူ့ဘေးမှာ သူဌေးတွေ
ဝိုင်းနေပါလျက် ဘာကြောင့် ဖိုးအောင်လို
စာမတတ်တဲ့ အညာသားအလုပ်သမားကို
ရွေးရတာလဲဗျ၊ ဘယ်လိုတွေများ
ဖြစ်သွားရတာလဲ ဦးလေးတူးရာ”

လို့ ရေရွတ်လိုက်တယ်။

မာလီကြီးဦးတူးက ခေါင်းကုတ်လိုက်ရင်း ...

“ဟ ... ငါလည်း ဘယ်သိမလဲကွ၊
ခရီးက ပြန်လာပြီးမှ ပြောင်းလဲသွားတာဟ၊
သူဌေးမများ ခရီးသွားရင်း



အပမှီလာသလားမသိဘဲ၊
ငါလည်း အံ့သြနေတာပဲ”

လို့ ပြောလိုက်တဲ့အခါ ထမင်းချက်ကြီးမြကပါဝင်ပြော လိုက်တယ်။

“ကျုပ်တော့ အပမှီတယ်လို့
မထင်ပေါင်၊ ခရီးအတူသွားရင်း
ဒိန်းတလိမ်းနတ် ဖမ်းစားခံရတယ်ထင်တာပဲတော့်၊
အပျိုလူပျိုချင်း ချစ်တာပဲတော် ...
မနာလိုဖြစ်မနေကြနဲ့၊
ကျုပ်ကတော့ ကျေနပ်တယ်၊
ဖိုးအောင်လေးက ရုပ်ရည်လည်းရှိတယ်၊
ရိုးသားမှုလည်း ရှိတယ်တော့်၊
ဒီကောင်လေး နောင်ရေး စိတ်အေးရပြီပေါ့”

ထိုအချိန် မိမိလတ်ဟာ ဖိုးအောင်တို့ [illegible]
တွေဆီ ခေါ်သွားပြီး တန်ဖိုးကြီးအသုံး[illegible]

www.burmeseclassic.com

www.burmeseclassic.com



အယင်တွေ ဝယ်ခြမ်းပေးတယ်။

ဈေးဝယ်စင်တာက အပြန်မှာတော့ နာမည်ကြီးဟိုတယ် တစ်ခုမှာဝင်ပြီး နေ့လယ်စာ စားသောက်ကြတယ်။

စားသောက်ပြီးမှ မင်္ဂလာပွဲအတွက် လိုအပ်တာတွေ စီစဉ်ကြပြန်တယ်။

ဖိုးအောင်တစ်ယောက် တစ်သက်နဲ့တစ်ကိုယ် မကြုံဖူးတာတွေ၊ မဝတ်ဖူးတာတွေ ဝတ်နေရတဲ့အတွက် အကျေနပ်ကြီး ကျေနပ်နေတော့တယ်။

❒❒❒

# အပိုင်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

**တဖြည်းဖြည်းနဲ့** မင်္ဂလာဆောင်ဖို့ ရက်က နီးကပ်လာတယ်။

မိမိလတ်က သူ့ရဲ့မင်္ဂလာပွဲကို နာမည်ကြီးစားသောက်ဆိုင်ကြီးတစ်ခုမှာ စီစဉ်ထားတယ်။



ဖိုးအောင်ကိုလည်း နယ်က သူ့မိထွေးကို မင်္ဂလာပွဲတက်ဆိုဖို့ မိမိလတ်က ပြောဆိုခဲ့ပေမယ့် ဖိုးအောင်က ငြင်းဆန်ခဲ့တယ်။

မင်္ဂလာဖိတ်စာတွေ ရရှိချိန်မှာတော့ ဖိုးအောင်က သူ့ကျေးဇူးရှင်ဆိုက်ကားဆရာကိုလှကြိုင်ကို သတိရသွားမိတယ်။

ဒါ့ကြောင့် ဖိတ်စာယူပြီး ဈေးဘက်ရှိ ဆိုက်ကားဂိတ်ကို ထွက်ခဲ့တယ်။

ကိုလှကြိုင်ရဲ့ဆိုက်ကား မတွေ့တာကြောင့် ဆုံနေကျလက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး စောင့်နေလိုက်တယ်။

ဒီအချိန်မှာပဲ သူ့ပခုံးကို ပုတ်တာခံလိုက်ရပြီး ...

"ရက်ပိုင်းအတွင်း အရမ်းပြောင်းလဲသွားပါလားကွ

ဘယ်လိုလဲ သူဌေး ... အားလုံး

အိုကေပဲ မဟုတ်လား"

ဆိုတဲ့ ကိုလှကြိုင်ရဲ့အသံကို ကြားလိုက်ရတာပါ။

ဖိုးအောင်က သွားအားလုံးပေါ်အောင် ရယ်မောလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... အဆင်ပြေပြီဗျ၊

ခင်ဗျားကျေးဇူးကြောင့် ကျုပ် သူဌေးမရဲ့ယောကျ်ား

ဖြစ်ရတော့မယ်၊

ကျုပ်ဘဝကြီး အရမ်းပြောင်းလဲသွားပြီ၊

ခုဆို ... ကျုပ်ရဲ့ချစ်သူက

ကျုပ်ကို မျက်စိအောက်ကတောင်

အပျောက်ခံတာ မဟုတ်ဘူးဗျ၊

ကျုပ်လေ ခင်ဗျားရဲ့ကျေးဇူးကို

ဘယ်လိုဆပ်ရမလဲဗျာ"

လို့ ပြောလိုက်တယ်။

ကိုလှကြိုင်က စားပွဲပေါ်က မင်္ဂလာဖိတ်စာကို ယူကြည့်လိုက်ပြီး ...

"ဟာ ... ဖိတ်စာကြီးက ကောင်းလှချည်လားကွာ၊

မှန်းစမ်း ... ဖတ်ကြည့်လိုက်ဦးမယ်၊

အံမယ် ... မိမိလတ်က ဘွဲ့တွေ



များလှချည်လား၊ မင်းကလည်း

ဖိုးအောင်ကနေ အောင်အောင် ဖြစ်နေပါလားကွ၊

မင်းလည်း အင်္ဂလိပ်လိုရေးထားတဲ့

ဘွဲ့တွေနဲ့၊ သတို့သားမိဘတွေကလည်း

အင်္ဂလန်ကဆိုပါလား၊

တို့ဖိုးအောင်က အကြီးအကျယ်ကို

ကောင်းစားနေပါလား ...

ဟား ဟား ဟား ဟား"

ဖိုးအောင်က လက်ဖက်ရည်ကို သောက်လိုက်ရင်း ...

"ကျုပ်ဆန္ဒ မဟုတ်ပါဘူးဗျာ၊

ကျုပ်တောင် ဖိတ်စာရမှ ဖတ်မိတာပါ၊

အားလုံးကို မမက စီစဉ်ပေးတာလေ၊

သူက အသိုင်းအဝိုင်းကြီးတော့ ...

သူ့သိက္ခာအရ ကျုပ်ကို ဂုဏ်မငယ်အောင်

ထည့်ရတာဖြစ်မှာပေါ့ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ... ထားပါတော့၊

မင်းကို ငါ အကူအညီတောင်းစရာ ရှိတယ်ကွ၊

ငါနဲ့သိတဲ့ သူဌေးအိမ်တစ်အိမ်က

အိမ်အကူလိုလို့ကွာ၊ အဲဒါ ... မင်းတို့

ရန်ကုန်ပွဲစားအိမ်လိပ်စာ ပေးပါလားကွ"

"ကျုပ်တော့ မသိဘူးဗျ၊

ဒါပေမဲ့ ... အိမ်က ဒရိုင်ဘာကိုလှမောင်ကတော့

သိတယ်၊ ခင်ဗျား အိမ်လိုက်ခဲ့ဗျာ ...

သူ့မေးပေးမယ်"

"အေးပါကွာ ... ဒါဆိုလည်း

မင်းကို အိမ်ပြန်ပို့ပေးမယ်၊

ငါလည်း ဆိုက်ကားဆွဲရဦးမယ်ကွ"

ဒီနောက်မှာတော့ ဖိုးအောင်တို့ဟာ လက်ဖက်ရည်ဖိုး ရှင်းပြီး ထွက်ခဲ့ကြတော့တယ်။

လမ်းရောက်တော့ ဖိုးအောင်က ...



"ကိုလှကြိုင် ... ခင်ဗျားက

အစီအရင်တွေလုပ်တာ သိပ်တော်တာပဲဗျာ၊

ဘယ်လိုများ ဒီပညာတွေ

တတ်နေတာလဲဗျ"

"ငါ့မှာ မိဘတွေရှိစဉ်တည်းက

ကိုးကွယ်တဲ့ ဘုန်းကြီးတစ်ပါး

ရှိခဲ့တယ်ကွ၊ သူက ...

အင်းတွေ, မန်းမှုတ်တဲ့ပညာရပ်တွေမှာ

တစ်ဖက်ကမ်းခပ်အောင် တော်တယ်ကွ၊

သူ့နောက်လိုက်ပြီး တပည့်ခံခဲ့လို့

ငါ ဒီပညာတွေ အနည်းအကျဉ်း

တတ်မြောက်နေတာပါကွာ"

"သြော် ... ဒီလိုလားဗျ၊

ကျုပ်ကတော့ ခင်ဗျားကို

ချီးကျူးပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် မင်္ဂလာပွဲကို ရောက်အောင်လာနော်

ကိုလှကြိုင်၊ ကျုပ်မျှော်နေမှာ”

“အေးပါကွာ ... လာပါ့မယ် မပူနဲ့၊

ဒါပေမဲ့ ... မင်းကို ငါနောက်ဆုံး

လုပ်ပေးစရာ ရှိတယ်ကွ၊

မင်းအားတဲ့အချိန် ငါ့ဆီ ဆေးလာယူဦး”

ကိုလှကြိုင်ရဲ့စကားကြောင့် ဖိုးအောင်က ...

“ဘာဆေးလဲ ကိုလှကြိုင်”

လို့ မေးလိုက်တယ်။

ကိုလှကြိုင်က ပြုံးလိုက်ပြီး ...

“နောက်ဆုံးခတ်ဆေးပေါ့ကွာ၊

မင်းတို့နှစ်ယောက်အတွက်

နောက်ဆုံး ခေတ်ဆေးပါပဲ”

လို့ ပြောလိုက်တယ်။

“ဟုတ်ပါပြီဗျာ ... ကျုပ်လာယူပါ့မယ်”



ဆိုက်ကားက ခြံရှေ့ရောက်သွားတဲ့အတွက် ဖိုးအောင်လည်း ဆိုက်ကားပေါ်က ဆင်းလိုက်ပြီး ခြံထဲလျှောက်ခဲ့တယ်။

ကားသုတ်နေတဲ့ ဒရိုင်ဘာကို တွေ့တာကြောင့် ပွဲစားရဲ့အိမ်လိပ်စာကိုမေးပြီး ကိုလှကြိုင်ကို ထွက်ပြောပြလိုက်တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၇)

**မင်္ဂလာပွဲကျင်းပဖို့** တစ်ရက်အလိုနေ့မှာ ဖိုးအောင်

ဟာ မိမိလတ်နဲ့အတူ အပြင်ထွက်ခဲ့တယ်။

မှာထားတဲ့ မင်္ဂလာဝတ်စုံတွေ သွားရောက်ယူကြခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖိုးအောင်ဟာ အနောက်တိုင်းဝတ်စုံကို ဝတ်ကြည့်ရင်း မှန်ထဲကြည့်လိုက်တယ်။

"ဒီလိုဝတ်စားလိုက်တော့လည်း ငါက
ကိုရီးယားမင်းသားလေးကျနေတာပဲ၊
ငါဟာ အညာမှာ မန်ကျည်းရွက်ရောင်းတဲ့
ကောင်လေးမဟုတ်တော့ဘူး၊
စိန်ပွဲစားမကြီးရဲ့ယောကျ်ားဖြစ်တော့မယ်၊
ကျေနပ်ဖို့ကောင်းလိုက်တဲ့ ဘဝကြီးပါလားဟ
ဟား ဟား ဟား"

ဖိုးအောင်က သူ့ကိုယ်သူ ဂုဏ်ယူစွာ ရေရွတ်လိုက်တယ်။

ဝတ်စုံတွေယူပြီးတဲ့နောက် မိမိလတ်က ကားကို ရတနာဆိုင်ကြီးတစ်ဆိုင်ဆီ မောင်းသွားတယ်။

ဟိုရောက်တော့ မိမိလတ်ရဲ့ကားရပ်တာမြင်တဲ့အခါ ဆိုင်ပိုင်ရှင်ကိုယ်တိုင် ထွက်လာပြီး ကြိုဆိုတယ်။



ရတနာဆိုင်ပိုင်ရှင်က သူတို့ကို သီးသန့်ခန်းထဲ ခေါ်ဆောင်သွားတယ်။

မိမိလတ်က တန်ဖိုးသိပ်ကြီးတဲ့ ဒိုင်ခွက်ထဲ စိန်စီထားတဲ့ ယောကျ်ားဝတ်လက်ပတ်နာရီတစ်လုံးကို ဖိုးအောင်အတွက် ဝယ်ပေးတယ်။

အပြန်လမ်းရောက်တော့ ...

"မမရယ် ... ကျွန်တော်က
မမ ဆင်ပေးတာပဲ ယူနေရတယ်၊
ကျွန်တော်ကျတော့ မမကို
ဘာမှပြန်လုပ်မပေးနိုင်ဘူး၊
စိတ်မဆိုးပါနဲ့နော် မမ"

မိမိလတ်က ဖိုးအောင်ရဲ့လက်ကို ဆုပ်ကိုင်လိုက်တယ်။

"ဘာလို့ မဟုတ်တာတွေ တွေးနေတာလဲ အောင်ရဲ့၊
တို့အနားမှာ အောင် ရှိနေပြီး
အောင့်မျက်နှာကို အချိန်တိုင်း မြင်နေချင်

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပါတယ်၊ မနက်ဖြန်ဆို တို့တွေက
တရားဝင်လင်မယားဖြစ်ပြီလေ၊
မဆိုင်တာတွေ လျှောက်မတွေးနဲ့နော်”

ဖိုးအောင်က မိမိလတ်ရဲ့လက်ကို ချစ်မြတ်နိုးစွာ ဖြန့်ဆုပ်ကိုင်လိုက်တယ်။

ဈေးနားရောက်တော့ ဖိုးအောင်ဟာ ကိုလှကြိုင်ပြောထားတဲ့ကိစ္စကို သတိရသွားတယ်။

“မမ ... ဒီမှာ ကားခဏရပ်ပေးပါလား၊
ကျွန်တော် ဈေးခဏလေးဝင်ချင်လို့၊
မကြာပါဘူး ... မမ”

မိမိလတ်က ကားကို ရပ်ပေးလိုက်တယ်။

ဖိုးအောင်လည်း ဆိုက်ကားဂိတ်ဘက် မြန်မြန်လျှောက်ခဲ့တယ်။

ဆိုက်ကားပေါ် အိပ်ပျော်နေတဲ့ ကိုလှကြိုင်ကို မြင်ရတာကြောင့် ...



“ကိုလှကြိုင် ... ထပါဦးဗျ ... ထ ... ထ”

“အာ ... အိပ်လို့ကောင်းနေမှကွာ၊
ဆိုက်ကားမအားဘူးဗျ ... အိပ်နေတယ်”

“ကျုပ်ပါ ကိုလှကြိုင်ရ ... ဖိုးအောင်ပါ၊
ဘာလို့အိပ်နေတာလဲ ... ထ ... ထ”

“သြော် ... အေး ... ငါ ဒီမနက်မှ
ခရီးက ရောက်တာကွ၊
အရမ်းပင်ပန်းလို့ အိပ်နေတာ”

“ဟုတ်လား ... ဘယ်သွားတာလဲဗျ”

“သြော် ... ဟို ... ငါ့ဇာတိ ပြန်တာပါ၊
မင်း အခုလာတာ နောက်ဆုံး ခတ်ဆေး
လာယူတာ မဟုတ်လား၊
ငါ အသင့်ဆောင်ထားပေးတယ် ... ဒီမှာ”

ကိုလှကြိုင်က ခေါက်ပိုက်ဆံအိတ်ထဲက ဆေးလုံး တစ်လုံးကို ထုတ်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက နောက်ဆုံးခတ်ဆေးပဲကွ၊
မင်းတို့မင်္ဂလာပွဲ ကျင်းပနေချိန်မှာ
မိမိလတ်စားမယ့် အစာထဲ ထည့်ရမယ်ကွ၊
မင်္ဂလာပွဲစပြီး နာရီဝက်ကြာရင် အသုံးပြုရမယ်၊
အရေးကြီးတာက အချိန်လွဲလို့မရဘူးနော်"
"မင်္ဂလာအချိန်က နေ့လယ်ဆယ့်နှစ်နာရီဆိုတော့
ဆယ့်နှစ်ခွဲမှာ ထည့်ရမှာပေါ့၊
အိုကေ ... မလွဲစေရဘူး စိတ်ချ၊
ကျုပ် သွားတော့မယ်၊ မမ ပါလာတယ်ဗျ၊
မင်္ဂလာပွဲမှာ ဆုံမယ်နော်"

□□□

# အပိုင်း (၁၈)

www.burmeseclassic.com

www.burmeseclassic.com

**ကန်တော်ကြီးရှိ** နာမည်ကြီး စားသောက်ဆိုင်ကြီး
စ်ဆိုင် ...။

ဓိမ်ခံကားကြီးတွေဟာ ထိုစားသောက်ဆိုင်ရဲ့ ကားပါ
င်ထဲ တစ်စီးပြီးတစ်စီး ဝင်သွားကြတယ်။



စားသောက်ဆိုင်တွင်း စင်မြင့်ထက်မှာတော့ နာမည်ကြီး အဆိုတော်တွေရဲ့ သီဆိုဖျော်ဖြေမှုက စတင်နေတယ်။

မောင်အောင်အောင်နဲ့မမိမိလတ်တို့ရဲ့ မင်္ဂလာဧည့်ခံပွဲ။

သတို့သား အောင်အောင်တစ်ဖြစ်လဲ ဖိုးအောင်က အနောက်တိုင်းဝတ်စုံကို ကျနစွာဝတ်ဆင်ထားပြီး နားနေခန်းထဲ ဝင်သွားတယ်။

အဖြူရောင်ဂါဝန်လေးနဲ့ သိပ်လှနေတဲ့ မိမိလတ်ကို ကြည့်ပြီး ...

"အင်း ... လောကမှာ ငါ့လောက်
ကံကောင်းတဲ့လူ ရှိပါ့မလား၊
မန်ကျည်းရွက်သည်, သူများအစေခံဘဝကနေ
အခု ငါ လူချမ်းသာဖြစ်ပြီ၊ ငါ့မိန်းမကလည်း
ငွေရာတော်သလို သိပ်လှတဲ့မိန်းမ၊
ထူးဆန်းတာက ငါ့ရင်ထဲမှာ သူ့ကို [illegible]
မုန်းတီးစိတ်မရှိတော့ဘူး၊

www.burmeseclassic.com



သူ့ကို ငါ သိပ်ချစ်သွားမိပြီ”

လို့ တွေးလိုက်မိတယ်။

“အောင် … ဘာရုပ်လုပ်နေတာလဲ၊

မင်္ဂလာအချိန် ရောက်နေပြီကွယ်၊

မတို့ အပြင်ထွက်ရအောင်လေ”

မိမိလတ်က ထိုသို့ပြောပြီး သူ့လက်မောင်းကို ချိတ်လိုက်တယ်။

“အရမ်းလှတာပဲ မမရယ်၊

ကျွန်တော် သိပ်ချစ်တာပဲ”

သူ့စကားကြောင့် မိမိလတ်က မျက်စောင်းလေးထိုးလိုက်တယ်။

သတို့သမီး၊ သတို့သားနဲ့ အရံတွေဟာ မင်္ဂလာခန်းမထဲ တရွေ့ရွေ့ လျှောက်သွားကြတယ်။

စင်မြင့်ထက်မှာတော့ မင်္ဂလာစကား ပြောကြားမယ့်သူက အသင့်။



စင်မြင့်ထက်ရှိ သတို့သမီး သတို့သား နေရာရောက်တော့ ဖိုးအောင်ရင်ထဲ စိုးရိမ်စိတ်ဝင်သွားတယ်။

မကြာခင် မိမိလတ်စားမယ့်အစာထဲ နောက်ဆုံးခတ်ဆေး ထည့်ရမည့်အစီအစဉ်။

ထိုအချိန် မင်္ဂလာပွဲလာလူတွေက တီးတိုးစကားတွေဆိုနေကြတယ်။

“မိမိလတ်တို့များ တစ်သက်လုံး

အပျိုကြီးလုပ်ပြီးမှ ယူမယ့်ယူတော့လည်း

ငယ်ငယ်လေး ယူတယ်နော်၊

သူသာ စောစောအိမ်ထောင်ပြုခဲ့ရင် …

ကောင်လေးက သူ့သားလောက်ပဲ ရှိမယ်”

“ညွှန်မှူးကတော်ရယ် … စာဆိုရှိနေတာပဲ၊

ကြီးရင်မို ငယ်ရင်ချီတဲ့၊

သူက ချီချင်လို့ ဖြစ်မှာပေါ့၊

မဟုတ်ဘူးလား … ဟင်းဟင်း”

www.burmeseclassic.com

www.burmeseclassic.com



"ငယ်ပေမယ့် အထင်မသေးနဲ့ ဒေဝီရဲ့၊

ကောင်လေး ရထားတဲ့ဘွဲ့တွေ မနည်းဘူးနော်၊

မိဘတွေကလည်း အင်္ဂလန်မှာလေ၊

မိမိလတ် ကံကောင်းလိုက်တာ၊

မော်ဒယ်လိုချောတဲ့ ကောင်လေးနဲ့

ဖူးစာဆုံလို့လေ"

ထိုအချိန် သတို့သားဖိုးအောင်တစ်ယောက် အဲကွန်းခန်းထဲ ချွေးပျံနေမိတယ်။

လက်က နာရီကိုကြည့်တော့ ဆယ့်နှစ်နာရီခွဲဖို့ ငါးမိနစ်ပဲ လိုတော့တယ်။

နောက်ဆုံး ခတ်ဆေးခတ်နိုင်ဖို့ ငါးမိနစ်ပဲ လိုတော့တယ်။

မင်္ဂလာစကားပြောကြားတဲ့လူကြီး ပြီးသွားတဲ့အခါ သတို့သားတို့အရှေ့ကို ဝိတ်တာက ရေခဲမုန့်ပန်းကန် လာချပေးတယ်။



ဖိုးအောင်လည်း လက်ထဲ အသာဆုပ်ကိုင်ထားတဲ့ ဆေးလုံးလေးကို ရေခဲမုန့်ထည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

မိမိလတ်က အပြုံးနဲ့ ဧည့်သည်တွေဆီ လှမ်းကြည့်နေစဉ် ဖိုးအောင်ဟာ ဆေးလုံးကို ချေလိုက်ပြီး ရေခဲမုန့်ထဲ ထည့်လိုက်တယ်။

"မမ … ကျွန်တော် ခွံ့ကျွေးမယ်နော်"

မိမိလတ်က ကြည်နူးမှုအပြည့်နဲ့ ခေါင်းညိတ်ပြတယ်။

ဖိုးအောင်လည်း သူဆေးထည့်တဲ့အခြမ်းကို ခတ်ပြီး ခွံ့ကျွေးလိုက်တယ်။

ကင်မရာမန်းရဲ့ဓာတ်ပုံရိုက်သံတွေက တဖျပ်ဖျပ်မြည်နေတယ်။

သတို့သမီး မိမိလတ်ကလည်း သတို့သားကို ပြန်ခွံ့ကျွေးတယ်။

ဒီအချိန်မှာပဲ လက်ခုပ်သံအကျယ်ကြီးကို ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လမ်းတစ်လျှောက် တရွေ့ရွေ့လျှောက်လာတဲ့ လူသုံးယောက် ...

ဖိုးအောင်ဟာ အဝတ်စားနွမ်းတီနွမ်းဖပ်နဲ့လူတွေကို ကြည့်ပြီး မျက်နှာပျက်သွားတယ်။

ဆိုက်ကားဆရာကိုလှကြိုင် မိထွေးဒေါ်စိန်ကြီးနဲ့ အိမ် ဖော်ပွဲစားဒေါ်ညို ...

ထိုစဉ် ... မိမိလတ်ဟာ ခေါင်းထဲ မိုက်ခနဲ ခံစားလိုက်ရ တယ်။

ကိုလှကြိုင်တို့ဟာ မင်္ဂလာစင်မြင့်ပေါ် တက်လာကြ တယ်။

ဒေါ်စိန်ကြီးက ဖိုးအောင်ကို ပြေးဖက်လိုက်ရင်း ...

"အမယ်လေး သားလေးရယ် ...

အမေ့ကို မင်္ဂလာဆောင်မှာတောင်

မပြောပါလား၊ အမေဖြင့်လေ

သားလေးကို လွမ်းတဲ့စိတ်ကြောင့်



အိပ်ရာထဲတောင် လဲနေတာသားရဲ့၊

အမေ ကျေနပ်ပါတယ် သားရယ်၊

ခုဆို ငါ့သားလေး သူဌေးကြီးဖြစ်ပြီ၊

အရင်လို ရွာမှာ မန်ကျည်းရွက်

လှည့်ရောင်းစရာ မလိုတော့ဘူး၊

ကံကောင်းလိုက်တဲ့ အမေ့သားလေး၊

ဝမ်းသာလိုက်တာကွယ်"

လို့ ပြောလိုက်သလို ...

ဒေါ်ညိုကပါ ...

"ဟုတ်ပ ဖိုးအောင်ရယ် ...

နင်က နေနိုင်လိုက်တာ၊

ငါ့ကျေးဇူးကြောင့် နင် သူဌေးမအိမ်မှာ

အိမ်စေအလုပ်ရတာလေ၊

ဒါ့ကြောင့် သူဌေးမနဲ့ ညားတာပေါ့၊

နင်ဟာ ကျေးဇူးကို မသိတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲရှိလူတွေဟာ ၎င်းတို့စကားတွေကြောင့် 'ဟာ' ခနဲ ဖြစ်သွားကြတယ်။

❒❒❒

# အပိုင်း (၁၉)

www.burmeseclassic.com

www.burmeseclassic.com

**ဖိုးအောင်တစ်ယောက်** ထိုင်ရာက ထရပ်လိုက်ပြီး

"ခင်ဗျားတို့ ဘာလာလုပ်တာလဲ၊

ခင်ဗျားဟာ မိထွေးပီပီ သိပ်ယုတ်မာတဲ့မိန်းမကြီး၊

သွား ... ထွက်သွားကြ၊

ကျုပ်ကို လာပြီး အရှက်ခွဲနေကြတယ် ...

တောက်"

လို့ ဒေါသတကြီး အော်ဟစ်လိုက်တယ်။

"အား ... ခေါင်းထဲမူးလိုက်တာနော်"

သတို့သမီး မိမိလတ်ရဲ့ရေရွတ်သံကြောင့် ဆိုက်ကား

ဆရာကိုလှကြိုင်က မဲ့ပြုံး ပြုံးလိုက်တယ်။

"မိမိလတ် ... ငါ့မျက်နှာကို ကြည့်စမ်းပါဦး"

မိမိလတ်က မျက်လုံးကို ကြိုးစားဖွင့်ရင်း ကြည့်လိုက်

တယ်။

"ဟင် ... ရှင် ... ရှင် ... လှကြိုင်ပဲ၊

ကျွန်မရေ့ ရှင် ရောက်နေစရာ အကြောင်းမရှိဘူး၊

သွားစမ်း"

မိမိလတ်ရဲ့တင်းမာတဲ့မျက်နှာနဲ့ မောင်းထုတ်မှုကြော

"ဟား ဟား ဟား ... ငါ့ကို မောင်းထုတ်နေမယ့်အစား

အခု နင် ဘယ်ရောက်နေသလဲ၊

www.burmeseclassic.com

www.burmeseclassic.com



သေချာလေး ကြည့်လိုက်စမ်းပါဦး ...

ကြည့်စမ်းပါ”

လို့ ပြောလိုက်တဲ့အတွက် သူမ ပတ်ဝန်းကျင်ကို ကြည့်မိလိုက်တယ်။

မင်္ဂလာစင်မြင့်အောက်ရှိလူတွေနဲ့ သူမရဲ့ကိုယ်ပေါ်က အဝတ်အစားတွေကို သတိပြုမိရင်း ...

သူမ ခေါင်းကို ခါယမ်းလိုက်မိတယ်။

ဖိုးအောင်က သူမရဲ့လက်ကို လှမ်းဆွဲလိုက်တဲ့အခါ ...

“ဟဲ့ ... နှင့်လိုအစေခံက ငါ့လက်ကို

ဆွဲစရာလား၊ နင် သိပ်မိုက်ရိုင်းတဲ့အကောင်

လွှတ်စမ်း”

လို့ အော်ဟစ်ပြီး ပါးကို ဖျန်းခနဲရိုက်ချလိုက်တယ်။

၎င်းတို့ရဲ့အဖြစ်ပျက်တွေကို ဧည့်သည်တွေအားလုံး တအံ့တသြ စိတ်ဝင်တစားနဲ့ ကြည့်ရှုနေကြတယ်။

“မိမိလတ် ... မင်းကြောင့် ငါဟာ



တစ်ချိန်က အရှက်ကွဲခဲ့ရတယ်၊

ဘဝပျက်ခဲ့ရတယ်၊

မင်းရဲ့မာန်မာန မောက်မာမှုတွေကြောင့်

မင်းကို ငါ သတ်ပစ်ချင်လောက်အောင်

မုန်းတီးခဲ့တယ်၊ မင်းဟာ ငါ့ရဲ့အချစ်ကို

လူပုံအလယ်မှာ ငြင်းဆန်ခဲ့သလို၊

ငါ့ရဲ့စီးပွားရေးကိုလည်း တိုက်ခိုက်ခဲ့တယ်၊

အခု ... မင်းကြည့်လိုက်စမ်း ...

မင်းနဲ့အိမ်စေကောင်ရဲ့ မင်္ဂလာပွဲကြီးလေ၊

ဘယ်လောက်ခမ်းနားလိုက်သလဲ၊

ဂုဏ်သရေရှိ မင်းရဲ့မိတ်ဆွေတွေချည်းပဲ

တက်ရောက်တာကွ၊

နောက်ဆုံးတော့လည်း မာနခေါင်ခိုက်နေတဲ့

စိန်ပွဲစား ဒေါ်မိမိလတ်ဟာ ရွာငယ်ဇနပုဒ်က

အညာသားအိမ်စေကောင်နဲ့ ဖူးစာဆုံသွားတာပါပဲဟား

www.burmeseclassic.com

www.burmeseclassic.com



ဟား ဟား ဟား ဟား ဟား"

ကိုလှကြိုင်ရဲ့လှောင်ပြောင်စကားတွေကြောင့် မိမိလတ်ဟာ မျက်နှာကြီးရဲတက်လာတယ်။

"မဟုတ်ဘူး ... မဖြစ်နိုင်ဘူး၊

ငါက ပညာတတ်တဲ့မိန်းမ၊

ဒီလို ဘယ်တော့မှ အဖြစ်မခံဘူး၊

လုံးဝမဟုတ်ဘူး"

ကိုလှကြိုင်က သူမကို မဲ့ပြုံးနဲ့ စူးစိုက်ကြည့်လိုက်တယ်။

"နင် ဒီလိုဖြစ်အောင် ငါလုပ်တာပဲ၊

နင့်အိမ်စေကောင်ကို အသုံးချပြီး

ဘဝင်မြင့်နေတဲ့ နင့်ကို ငါ့ပညာနဲ့

ဆေးခတ်ခဲ့တာပဲ၊ နင်ဟာ

အိမ်စေကောင်ကို တမ်းတမ်းစွဲဖြစ်ပြီး

လက်ထပ်တဲ့အဆင့်ထိရောက်အောင်

ငါလုပ်ခဲ့တာ၊ ငါ့ရဲ့ခတ်ဆေးအစွမ်းကြောင့်



နင့်ဘဝပျက်တာပဲ မိမိလတ်၊

နင့်အကောင် နင့်ကို နောက်ဆုံးခတ်ခဲ့တဲ့

ခတ်ဆေးကတော့ နင် တစ်ချိန်လုံးမိနေတဲ့

အချစ်ဆေးကို ပျက်ပြယ်စေတဲ့ ...

ပြယ်ဆေးပါပဲ၊ အခု ...

ငါ့ဘဝပျက်ခဲ့သလို နင့်ဘဝကြီး

အမည်းစက်ထင်သွားပြီ၊

သိပ်အရည်အချင်းရှိပါတယ်ဆိုတဲ့ မိန်းမ၊

ဘယ်ယောက်ျားမှ ငါ့လောက်မတော်ဘူးလို့

သွေးနားထင်ရောက်နေတဲ့ မိန်းမ၊

ကျေနပ်လိုက်တာကွာ ...

ဟား ဟား ဟား ဟား"

ဆိုက်ကားဆရာလှကြိုင်ရဲ့စကားတွေကြောင့် ဖိုးအောင်ဟာ အားလုံးကို နားလည်သွားတော့တယ်။

တကယ်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



သူ ကောင်းကောင်းကြီး အသုံးချခံလိုက်ရသည်ပဲ။

"လုကြိုင် ... လူယုတ်မာကောင်၊

မင်းကို ငါ ခွင့်မလွှတ်ဘူးကွ"

ဖိုးအောင်က ကြုံးဝါးပြီး လုကြိုင်ကို ထိုးကြိတ်ဖို့ ကြိုးစားလိုက်တယ်။

ထိုအချိန် မိမိလတ်ဟာ မင်္ဂလာပွဲလာပရိသတ်တွေကို ကြည့်လျက် ...

"မဟုတ်ဘူး ... ငါ ဘယ်တော့မှ

ဒီလိုမဖြစ်စေရဘူး၊

ဟင့်အင်း ... လက်မခံဘူး၊

လက်မခံဘူး"

မိမိလတ်တစ်ယောက် မျက်ရည်တွေနဲ့အတူ စင်မြင့်ထက်က ပြေးထွက်သွားတော့တယ်။

ထိုးကြိတ်နေတဲ့ ဖိုးအောင်ဟာ ဒါကိုမြင်သွားပြီး ...

"မမ ... မမ ... မသွားပါနဲ့၊



မသွားပါနဲ့"

လို့ အော်ဟစ်ပြီး ပြေးလိုက်သွားတယ်။

ဆိုက်ကားဆရာလုကြိုင်၊ ဒေါ်စိန်ကြီးနဲ့ ဒေါ်ညိုတို့ဟာ ထိုမင်္ဂလာခန်းမကြီးကို အပြုံးကိုယ်စီနဲ့ ကျောခိုင်းလိုက်ကြတယ်။

ဖိုးအောင်တစ်ယောက် အပြင်မရောက်မီမှာပင် 'ဒုန်း'ခနဲ အသံကြီးကို ကြားလိုက်ရတယ်။

မင်္ဂလာပွဲအတွင်းရှိလူတွေလည်း အသံကြောင့် အပြင်ကို ပြေးထွက်လာကြတယ်။

အားလုံးရဲ့မြင်ကွင်းမှာ မြင်လိုက်ရတဲ့အရာက ပါဂျဲရို ကားတစ်စီးရှေ့ သွေးအိုင်ထဲ လဲနေရှာတဲ့ သတို့သမီးလေး ...

"မမ ... မမ ... မမ ... မ

မဟုတ်ဘူးဗျာ၊ ဒီလိုမဖြစ်စေရဘူး၊

ထပါဦး မမရယ်၊

ကျွန်တော်တို့ မင်္ဂလာဆောင်ရမယ်လေး၊

www.burmeseclassic.com

www.burmeseclassic.com



မမ ... မမ ... မမရေ ... မမ”

သွေးခြင်းခြင်းနီရဲနေတဲ့ သတို့သမီးလေးကိုဖက်ပြီး ရင်ကွဲမတတ် ငိုနေရှာတဲ့ သတို့သားလေးရဲ့ငိုကြွေးသံက ဝိုင်းအုံကြည့်ရှုနေတဲ့ လူအပေါင်းကို မျက်ရည်စို့စေတော့တယ်။

❒❒❒

“ခတ်ဆေး”

မအိုစာ

(မအိုစာနှင့်ဆက်သွယ်လိုပါက maosar99@gmail.com)

BURMESE CLASSIC
www.burmeseclassic.com